# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


### သွားလေရာအရပ်၌ အပူဇော်ခံရ

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ စနေနေ့။ Saturday, 16 November 2024 ၁၁၆၄၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတော်သင်များစေလွှတ်ရေးနှင့် ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H. E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ဒေါက်တာညွှန့်ဖေနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H. E. Mr. Alexey Sambuevich Tsydenov အား လက်ခံတွေ့ဆုံစဉ်။




ကြေးမုံ

# တန်ဆောင်တိုင်ပွဲတော်အခါသမယ ပြည်သူများစိတ်နှလုံးချမ်းမြေ့ပျော်ရွှင်

လောကတွင် ကောင်းမှု၊ မကောင်းမှုတို့ကို အကြောင်းပြု၍ အများပြည်သူတို့ စိတ်ချမ်းမြေ့ပျော်ရွှင်ခြင်း၊ ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်းတို့ ကြုံတွေ့ကြရသည်။ ပြည်သူများအနေဖြင့် ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့ခြင်းတို့ကိုသာ အလိုရှိကြသည့်အတွက် ပြည်သူများအားလုံး နှလုံးစိတ်ဝမ်းချမ်းမြေ့စေရန်အတွက် ကောင်းသောအမှုကုသိုလ်များနှင့် ပျော်ရွှင်ချမ်းမြေ့မှုများကို ဆောင်ကြဉ်းပေးကြရမည်ဖြစ်သည်။ မျက်မှောက်အချိန်အခါ တန်ဆောင်တိုင်ပွဲတော်အခါသမယတွင် အများပြည်သူ စိတ်ချမ်းမြေ့ဖွယ်မြင်ကွင်းများကို မြင်တွေ့ရသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ တန်ခိုးကြီးထင်ရှားသော စေတီဘုရားကျောင်းကန်များ၌ တန်ဆောင်တိုင်ဆီမီးထွန်းညှိပူဇော်ပွဲများအပြင် ကထိန်သင်္ကန်းကပ်လှူပွဲ၊ မသိုးသင်္ကန်းရက်လုပ် ကပ်လှူပူဇော်ပွဲ၊ ဘုရားဈေးပွဲများတွင် ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် တိုးမပေါက်အောင် စည်ကားများပြားနေသည်ကို တွေ့ရသည်။ နိုင်ငံအနှံ့ရှိ အထင်ကရစေတီဘုရားများတွင် အနယ်နယ်အရပ်ရပ်မှပြည်သူများ ကောင်းမှုကုသိုလ်များ လာရောက်ပြုလုပ်ကြသည်။ အထူးသဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များတွင် ကမ္ဘာ့အကြီးဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဘုရားဖူးပြည်သူများနှင့် အထူးစည်ကားလျက်ရှိသည်။

ကုသိုလ်လည်းယူ ပျော်ရွှင်ချမ်းမြေ့မှုအပေါင်း ဝေဆာနေမှုများကို ဘုရားကျောင်းကန်အရိပ်အာဝါသအောက်တွင် ကြည်နူးချမ်းမြေ့ဖွယ်တွေ့မြင်နိုင်သည်။ တာဝန်ရှိသူများကလည်း တန်ဆောင်တိုင်မီးထွန်းပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်အနှောင့်အယှက်ကင်းရှင်းစွာဖြင့် ဘုရားဖူးခြင်း၊ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာများ ပြုလုပ်နိုင်ရန်အတွက် ကူညီစောင့်ရှောက်မှုများကို မပြတ်မလပ်မလစ်ဟာအောင် ပြုလုပ်ပေးလျက်ရှိသည်။ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ဘုရားရင်ပြင်တွင် မသိုးရွှေကြာသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲများမှာ အထူးစည်ကားလှသည်။ ထို့အပြင် မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင်၍ ပူဇော်ခြင်းကုသိုလ်ထူးကို ဝန်ကြီးဌာနအလိုက် စီစဉ်ဆောင်ရွက်ကြရာ ဘုရားဖူးပရိသတ်များ ကြည့်ရှုအားပေးကြသည်။

ဘုရားပရိဝုဏ်အတွင်း အနယ်နယ်အရပ်ရပ်မှလာရောက်ကြသည့် ဘုရားဖူးပြည်သူများအား တိုင်းရင်းသားရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများနှင့်ယှဉ်တွဲ၍ အလှမီးရှူးမီးပန်းများ ပစ်ဖောက်ပူဇော်ခြင်း၊ မီးပုံးပျံအသေးများ၊ ညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်းဖြင့် နေပြည်တော် တန်ဆောင်တိုင်ပွဲတော်၏ ညအလှကို ပိုမိုပေါ်လွင်ထင်ရှားစေသည်။ အလားတူ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း ခမ်းနားထည်ဝါစွာဖြင့် မီးအလှဆင်ပူဇော်ထားမှုများ၊ ဘုရားစေတီပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများမှာ တစ်နှစ်လျှင်တစ်ကြိမ် တန်ဆောင်တိုင်မီးထွန်းပူဇော်ပွဲသို့ လာရောက်ကြသည့်ပြည်သူများအဖို့ ဖူးမြော်ကြည်ညိုမဆုံး ဖြစ်ကြရသည်။

တန်ဆောင်တိုင်ပွဲတော်လာ ပြည်သူများအတွက် ဖျော်ဖြေရေးအစီအစဉ်များကိုလည်း ထည့်သွင်းထားပြီး တေးသံရှင်များက တေးသီချင်းကောင်းများ၊ လူကြီး၊ လူငယ်အကြိုက် ခေတ်ဟောင်း၊ ခေတ်ပေါ်တေးသီချင်းများ ဖျော်ဖြေမှုများအပြင် ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုအဖြစ် မြန်မာနိုင်ငံသဘင်အစည်းအရုံး၏ အစီအစဉ်ဖြင့် ဇာတ်မင်းသားဖိုးချစ်အဖွဲ့နှင့်အတူ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက အော်ပရာ/ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေကြရာ ပရိသတ်များ ကြိတ်ကြိတ်တိုး လာရောက်ကြည့်ရှုအားပေးကြသည်။ ထို့အပြင် ဘုရားဖူးလာကြသည့် ကလေးသူငယ်များ ပျော်ရွှင်ချမ်းမြေ့စေရန်အတွက် ကလေးကစားနည်းအမျိုးမျိုး စီစဉ်ပေးထားခြင်းနှင့်ဒေသထွက်ကုန်များ၊ အစားအစာများကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ပြည်သူများ စိတ်ဝင်တစားအားပေးဝယ်ယူကြသည်။

တန်ဆောင်မုန်းလပြည့် တန်ဆောင်တိုင်ပွဲတော်သည် ရှေးအစဉ်အဆက်မြန်မာတို့၏ ဘာသာတရားလွှမ်းခြုံထားသော ယဉ်ကျေးမှုအစဉ်အလာပွဲတော်ဖြစ်သည်နှင့်အညီ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင်သာမက မြို့နယ်အသီးသီးတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပဆင်နွှဲလျက်ရှိသည့် မြင်ကွင်းများမှာ စိတ်နှလုံးချမ်းမြေ့ ဝမ်းမြောက်ဖွယ်ရာများဖြစ်သည်။ ဤသို့ကောင်းသောအမှုများဖြင့် ပြည်သူအများ စည်ကားများပြားနေသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အေးချမ်းသာယာဝပြောမှုကို ဖော်ညွှန်းနေပေသည်။ ကိုးကွယ်ရာဘာသာတရား၏ ရှုထောင့်မှကြည့်လျှင် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၏ အေးမြသည့်အရိပ်အာဝါသအောက်တွင် အများပြည်သူ စိတ်နှလုံးချမ်းမြေ့ပျော်ရွှင်စွာ ရပ်တည်နေထိုင်နိုင်သည့် အကျိုးရလဒ်ကောင်းများ ရှင်သန်ဖြစ်ထွန်းနေသည်ဟု ရှုမြင်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရေး။

★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။

★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိကျောင်းအပ်လက်ခံပြီး ၂၁-၁၁-၂၀၂၄ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ကျောင်းအပ်လက်ခံမည့်ရက် (သတင်းပို့ရမည့်ရက်)နှင့် ကျောင်းစတင်ဖွင့်လှစ်မည့်ရက်များ ထုတ်ပြန်ကြေညာ

**သန်လျင် နိုဝင်ဘာ ၁၅**

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ပထမနှစ်ဝက်သင်တန်းများ၏ ကျောင်းအပ်လက်ခံခြင်းနှင့် တတိယနှစ်၊ စတုတ္ထနှစ်နှင့် ဘွဲ့လွန်တန်း ဒုတိယနှစ်ဝက်သင်တန်းများ၏ သတင်းပို့လက်ခံခြင်းကို ၁၄-၁၁-၂၀၂၄ ရက်နေ့ (ကြာသပတေးနေ့)မှစ၍ ပိတ်ရက်မရှိ လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်တန်းနှစ်အားလုံးကို ၂၁-၁၁-၂၀၂၄ ရက်နေ့ (ကြာသပတေးနေ့)တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - | ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | | **စာပြင်** | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H. E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

○ ရှေ့ဖုံးမှ

ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov၊ ဘူရားတီးရားပြည်နယ် ဒုတိယအကြီးအကဲ၊ ကျန်းမာရေးဝန်ကြီး Mrs. Ludupova Evgeniia Iurevne နှင့် ကိုယ်စားလှယ် အဖွဲ့များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်သည် မိမိတို့နိုင်ငံနှင့် ထူးခြားသောဆက်ဆံရေးရှိသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်လည်ပတ်မှုအတွက် ကြိုဆိုဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘူရားတီးရားပြည်နယ်အကြီးအကဲဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌက ယခုကဲ့သို့ သာယာလှပသည့် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ခွင့်ရသည့်အတွက် မိမိအနေဖြင့် များစွာဂုဏ်ယူမိပါကြောင်း၊ လာရောက်လည်ပတ်သည့် အချိန်တွင်လည်း မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် သာယာလှပမှုများကို များစွာခံစားမိပါကြောင်း၊ မိမိတို့ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိလည်ပတ်ချိန်များ၌လည်း မြန်မာနိုင်ငံအစိုးရတာဝန်ရှိသူများနှင့် မြန်မာပြည်သူများ၏ ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုမှုနှင့် အထူးဧည့်ဝတ်ကျေပွန်မှုများကိုလည်း မြင်တွေ့ရသည့်အတွက် မိမိတို့အနေဖြင့် မြန်မာနိုင်ငံနှင့် ရင်းနှီးနွေးထွေးသောဆက်ဆံရေးရှိသည့် ခံစားမှုများကို ရရှိပါကြောင်း ပြောကြားသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် စပါး၊ ဆီထွက်သီးနှံနှင့် ပဲများကို အဓိကထား စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သဘာဝမြေဩဇာများ ထုတ်လုပ်နိုင်ရေး စက်ရုံများ တည်ဆောက်လျက်ရှိသည့် အခြေအနေများ၊ ဆီထွက်သီးနှံဖြစ်သည့် နေကြာစိုက်ပျိုးမှု တိုးတက်စေရေး ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံမှထွက်ရှိသည့် သစ်တောထွက် ပစ္စည်းများဖြင့် သစ်ပါးလွှာနှင့် ပျော့ဖတ်များ ထုတ်လုပ်နိုင်သည့် အခြေအနေများ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် ဝါစိုက်ပျိုးမှုတိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ကုန်ကြမ်းများကို ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရေး ပူးပေါင်း ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများတွင် နည်းပညာမြှင့်တင်မှုများ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ တွင်းထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်းများတွင် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် တိုက်ရိုက်လေကြောင်းပျံသန်းမှုများ တိုးချဲ့ဆောင်ရွက်ရေး ကိစ္စရပ်များ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတော်သင်များ စေလွှတ်ရေးနှင့်ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ၊ ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်သည့်ကိစ္စရပ်များ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများတွင် အပြန်အလှန်ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရ ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၂ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ရောက်ရှိနေချိန်အတွင်း ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် အထင်ကရနေရာများ၊ ဧရာဝတီတိုင်းဒေသကြီးရှိ ချောင်းသာကမ်းခြေနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာ လည်ပတ်ခဲ့ပြီး ဆက်လက်၍လည်း မြန်မာနိုင်ငံအတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H. E. Mr. Alexey Sambuevich Tsydenov တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်စဉ်။

# တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်များအနက် တစ်ရက်ဖြစ်သည့် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) ဖြစ်သည်နှင့်အညီ တန်ဆောင်တိုင်ပွဲတော်၊ မီးထွန်းပွဲတော်တို့ကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်း တစ်ရပ်အဖြစ် လက်ဆင့်ကမ်းထိန်းသိမ်းပြီး နှစ်စဉ်ကျင်းပကြသည်။

အဆိုပါနေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်း ကပ်လှူ၍ ကထိန်အလှူတော် မင်္ဂလာဆင်ယင်ခြင်း၊ ဒါနသီလဘာဝနာ ကုသိုလ်ယူ ဆည်းပူးပွားများခြင်း စသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ် ဆောင်ရွက်ကြပြီး ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုခြင်း များကို ပြုလုပ်ကြသည်။

ထိုသို့မြန်မာ့ယဉ်ကျေးမှုပွဲတော်ကို ထိန်းသိမ်းဆင်နွဲလျက်ရှိကြရာ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင်လည်း ယနေ့ညပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများက စေတီတော်မြတ်အား ဆီမီးများ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ **စာမျက်နှာ ၅ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်စဉ်။





တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)တွင် ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



တန်ဆောင်တိုင်မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း လမ်း၊ အဆောက်အအုံများနှင့် ပန်းအလှသစ်ပင်များ၌ ရောင်စုံမီးအလှများ ပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။



ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများကို တွေ့ရစဉ်။

☆ စာမျက်နှာ ၄ မှ
ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်းများဖြင့် တန်ဆောင်မုန်းလပြည့် သာမညဖလ အခါတော်နေ့ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။

အလားတူ တန်ဆောင်တိုင်မီးထွန်းပွဲတော်အထိမ်းအမှတ်အဖြစ် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌လည်း လမ်း၊ အဆောက်အအုံများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာ ရှုမငြီးဖွယ် ပြုလုပ်ထားရှိပြီး ပျော်ပွဲရွှင်ပွဲများကိုလည်း ပြုလုပ်ကြရာ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများက စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။

"တန်ဆောင်"မှာ မီးရှူး၊ မီးတိုင်၊ ဆီမီး ဟု အဓိပ္ပာယ်ရပြီး "မုန်း"မှာ တောက်ပသည် ဟူသော အနက်ကိုယူ၍ ဝေါဟာရပေါင်းစည်းသည့်အခါ "ဆီမီးတိုင်များ မျက်စိတစ်ဆုံး ပွားများထွန်းလင်းနေသည်"ဟု ဆိုလိုသည်ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ တန်ဆောင်တိုင် မီးထွန်းပွဲတော်များ၊ ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် မီးမျှောပူဇော်ပွဲများကို ကျင်းပခြင်း၊ မသိုးသင်္ကန်း ကပ်လှူပူဇော်ခြင်း၊ ဆွမ်းဆန်တော်လောင်းလှူခြင်းများ ပြုလုပ်ကြရာ အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ထွန်းညှိပူဇော် ဖူးမြော်ကြည်ညိုကြပြီး နိဗ္ဗာန်ဈေးပွဲတော်များတွင်လည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည့်အပြင် ညပိုင်းတွင် မဲဇလီဖူးသုပ်ဒါနပြုကြသူများ၊ ပွဲသကူအလှူပြုကြသူများ၊ ပွဲသကူအလှူကောက်ကြသူများဖြင့် အေးချမ်းပျော်ရွှင်လျက်ရှိသည်ကိုတွေ့ရသည်။

အလားတူ တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလ ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့်သက်ဆိုင်သည့် ပန်းခြံများ၌ လာရောက် အပန်းဖြေကြသူများဖြင့် အထူးစည်ကားလျက်ရှိကာ တန်ဆောင်မုန်းလပြည့်နေ့ အခါသမယကိုအများပြည်သူများအနေဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၌ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ထားမှုကို တွေ့ရစဉ်။



တန်ဆောင်တိုင် မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း လမ်း၊ အဆောက်အအုံများနှင့် ပန်းအလှသစ်ပင်များ၌ ရောင်စုံမီးအလှများ ပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။



ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် မီးမျှောပူဇော်ပွဲ ကျင်းပစဉ်။



မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကျင်းပစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H.E. Mr. Alexey Sambuevich Tsydenov နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များ၊ အခမ်းအနားတက်ရောက်လာသူများ စိန်နားပန်မီးပုံးပျံ လွှတ်တင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# ၂၀၂၄ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၀၂၄ ခုနှစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ညပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H.E. Mr. Alexey Sambuevich Tsydenov နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့များ၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာလာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး ဆီမီးများကို အတူတကွ ထွန်းညှိပူဇော်ကြသည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ပြီး သဒ္ဓါမိပတိ ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် အခမ်းအနား ကျင်းပမည့် နေရာသို့ရောက်ရှိကြရာ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ် အစိုးရဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့က စိန်နားပန်မီးပုံးပျံလွှတ်တင်မှုနှင့် ညမီးကျည်(ညမီးကြီး)မီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်စဉ်။

ယင်းနောက် ရုရှား- မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် မြတ်ရောင်ခြည် စိန်နားပန်မီးပုံးပျံလွှတ်တင်မှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါမြတ်ရောင်ခြည် စိန်နားပန်မီးပုံးပျံ၏ ကိုယ်ထည်တွင် ကနုတ်ပန်းခက်များ၊ ကြာပန်းခက်များ၊ ကြာပန်းခက်များ၏ အပေါ်တွင် မြတ်ရောင်ခြည် စာသားကို အပြာရောင်ဖြင့် ရေးဆွဲထားပြီး မီးပုံးပျံ၏ အောက်ဆွဲတွင် ကြာပန်းပုံနှင့် ဘူရားတီးရားစာသားကို မီးပုံးရောင်စုံများဖြင့် လှပစွာချိတ်ဆွဲထားရှိသည်။

စာမျက်နှာ ၇ သို့ ✻



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ညမီးကျည်(ညမီးကြီး) မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်(ရေ)အသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။

✻ စာမျက်နှာ ၆ မှ
မီးပုံးပျံများ လွှတ်တင်ရန်ပြင်ဆင်မှုများ ဆောင်ရွက်နေချိန်တွင် တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကအလှများနှင့် ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ၊ ဘူရားတီးရားပြည်နယ် အစိုးရဥက္ကဋ္ဌနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တို့သည် ကျောက်စာရုံစေတီတော်များအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H.E. Mr. Alexey Sambuevich Tsydenov နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များ၊ အခမ်းအနားတက်ရောက်လာကြသူများ ရုရှား- မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် မြတ်ရောင်ခြည် စိန်နားပန် မီးပုံးပျံလွှတ်တင်မှုကို ကြည့်ရှုအားပေးစဉ်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကိုကျင်းပပြုလုပ်ရာ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက်စည်းကမ်းအကောင်းဆုံးဆု၊ အဖွဲ့လိုက်ချိတ်ဆက်ယှဉ်ပြိုင်မှု အကောင်းဆုံးဆု၊ အဖွဲ့လိုက် ချုပ်ရိုးချုပ်သားအကောင်းဆုံးဆု၊ အဖွဲ့လိုက်ရက်လုပ်ထားသောသင်္ကန်းအထည်သား တည်ဆောက်မှု အကောင်းဆုံးဆု၊ အဖွဲ့လိုက်ရက်ကန်းစင်ကိုင်တွယ် အကောင်းဆုံးဆုတို့ကို ကောင်စီဝင်များက အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပဉ္စမဆုရရှိသည့် နေပြည်တော်ကောင်စီ ကိုယ်စားပြုအသင်းအား ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးကလည်းကောင်း၊ စတုတ္ထဆုရရှိသည့် ကချင်ပြည်နယ် ကိုယ်စားပြုအသင်းအား ကောင်စီတွဲဖက်အတွင်းရေးမှူးကလည်းကောင်း၊ တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား ကောင်စီအတွင်းရေးမှူးကလည်းကောင်း၊ ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ကလည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ စိန်နားပန်မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် စည်းကမ်းလိုက်နာမှု အကောင်းဆုံးဆု၊ စက္ကူပသာဒ အကောင်းဆုံးဆု၊ ဆန်းသစ်တီထွင်အရောင်စုံလင်မှု အကောင်းဆုံးဆု၊ မီးပုံးပျံအတက်အကောင်းဆုံးဆု၊ အတက်စံချိန်အကောင်းဆုံးဆု၊ မီးပုံးပျံပုံသဏ္ဌာန် အလှပဆုံးဆု၊ မှိုင်းခံစံချိန် အကောင်းဆုံးဆုရရှိကြသည့် ဝန်ကြီးဌာနကိုယ်စားပြုအသင်းများအား ကောင်စီအဖွဲ့ဝင်များက ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တတိယဆုရရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ကောင်စီအတွင်းရေးမှူးက လည်းကောင်း၊ ဒုတိယဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ညမီးကျည် (ညမီးကြီး) မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် စည်းကမ်းလိုက်နာမှုအကောင်းဆုံးဆု၊ စက္ကူပသာဒ အကောင်းဆုံးဆု၊ ဆန်းသစ်တီထွင်မှုအကောင်းဆုံးဆု၊ မီးပုံးပျံအတက်အကောင်းဆုံးဆု၊ အတက်စံချိန်အကောင်းဆုံးဆု၊ မီးပုံးပျံပုံသဏ္ဌာန်အလှပဆုံးဆု၊ မှိုင်းခံစံချိန် အကောင်းဆုံးဆု ရရှိကြသည့် ဝန်ကြီးဌာန ကိုယ်စားပြုအသင်းများအား ကောင်စီအဖွဲ့ဝင်များက ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများပေး အပ်ချီးမြှင့်ကြသည်။

ထို့နောက် တတိယဆုရရှိသည့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ကောင်စီအတွင်းရေးမှူးက လည်းကောင်း၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေး ဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်က လည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ် ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများပေး အပ်ချီးမြှင့်သည်။

**ခင်မင်ရင်းနှီးစွာနှုတ်ဆက်**

ဆုချီးမြှင့်ပွဲအပြီးတွင် မီးရှူးမီးပန်းများ ပစ်ဖောက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများအား ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော်အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်းများကို ဆောင်ရွက်ခဲ့သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများ၏ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်ခန်းများ ခင်းကျင်းပြသရောင်းချမှုနှင့်အတူ အနုပညာဦးစီးဌာနက ဇာတ်တော်ကြီးဖြင့် လည်းကောင်း၊ ဇာတ်မင်းသား ဖိုးချစ်အဖွဲ့က ဇာတ်သဘင် ဖျော်ဖြေမှုတို့ကိုလည်းကောင်း ဆောင်ရွက်ခဲ့ပြီး ရဟန်းရှင်လူ ပြည်သူများကလည်း စည်ကားသိုက်မြိုက်စွာဖြင့် လာရောက် ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ညမီးကျည်(ညမီးကြီး) မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က မသိုးရွှေကြာသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းကြစဉ်။





# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယ အကြိမ် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် မင်္ဂလာ အချိန်တွင် ကျင်းပပြုလုပ်သည်။

**တက်ရောက်**

မဟာမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးညိုစော၊ ဒေါက်တာဘရွှေ ဦးရွှေကြိမ်းနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီး များနှင့် ၎င်းတို့၏ဇနီးများ၊ ဝတ်အသင်း အဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ပူဇော်ကာ ဖွင့်လှစ်ကြပြီး "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" အစချီသည့် အရိယာသာဝိတ္ထိ ဂါထာတော်ကို သံပြိုင် ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် တက်ရောက်လာကြသူများက မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံ၍ ရေပန်း ရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးရင်ပြင်တော်သို့ ပင့်ဆောင်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကာ ဆက်ကပ်ပူဇော်မည့် နေရာသို့ ပင့်ဆောင်ကြသည်။ ထိုသို့ ပင့်ဆောင်နေချိန်၌ ဝတ်အသင်းအဖွဲ့များ က ဘုရားဂုဏ်တော်ကိုးပါးပါဠိကို ရွတ်ဆို ပူဇော်ကြသည်။

ယင်းနောက် မသိုးရွှေကြာသင်္ကန်း တော် ၁၅ ထည်ကို လေးခေါက်ခေါက်ခြင်း၊ ထပ်၍စုစည်းခြင်းများကို ဆောင်ရွက်ကြ ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က မသိုးရွှေကြာ သင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းကြကာ ဥပါသကာများ က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ လက်တော်ပေါ်သို့ ဆက်လက် ဆက်ကပ် ပူဇော်သည်။ ထိုသို့ ဆက်ကပ်ပူဇော်နေချိန် တွင် အခမ်းအနားမှူးက မသိုးရွှေကြာ သင်္ကန်းတော် ကပ်လှူပူဇော်ခြင်း မင်္ဂလာ စာတမ်းကို ရွတ်ဖတ်ပူဇော်သည်။

**ကပ်လှူပူဇော်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော နှင့် တက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး ညိုစော၊ ဒေါက်တာဘရွှေ၊ ဦးရွှေကြိမ်းနှင့် ၎င်းတို့၏ ဇနီးများ၊ တက်ရောက်လာကြသူများက မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်သို့ ပင့်ဆောင်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကာ ဆက်ကပ်ပူဇော်မည့် နေရာသို့ ပင့်ဆောင်ကြစဉ်။

ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ကာ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များနှင့် သုံးဆယ့် တစ်ဘုံသားတို့အား မေတ္တာပို့၍ ကုသိုလ် အမျှပေးဝေကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ ထုံးတမ်းစဉ်လာတွင် မသိုးသင်္ကန်း ရက်လုပ်ဆက်ကပ်လှူဒါန်းခြင်းများကို တန်ဆောင်မုန်းလ အခါသမယတွင် ကျင်းပပြုလုပ်လေ့ရှိပြီး လပြည့်နေ့မတိုင်မီ အဖိတ်နေ့ ညနေပိုင်းတွင် သင်္ကန်းတော် များကို စတင်ရက်လုပ်၍ လပြည့်နေ့ အရုဏ်မတက်မီ အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ကပ်လှူ ပူဇော်ကြခြင်းဖြစ်သည်။ မသိုးသင်္ကန်း ရက်လုပ်ဆက်ကပ် လှူဒါန်းခြင်းများကို နှစ်စဉ် အမြို့မြို့အနယ်နယ်၌ စည်ကား သိုက်မြိုက်စွာကျင်းပလေ့ရှိကြပြီး ကမ္ဘာပေါ် ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော် မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီး၌ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစု အမှူးပြုသည့် ခုနစ်ရက်သားသမီးများက ယခုနှစ်တွင် လည်း ဒုတိယအကြိမ် မသိုးရွှေကြာ သင်္ကန်းတော် ဆက်ကပ်လှူဒါန်းပူဇော် ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်အတွင်းရှိ အထင်ကရနေရာများသို့ ကြည့်ရှုလေ့လာ





ဘူရားတီးရားပြည်နယ်အကြီးအကဲ H. E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

နေပြည်တော်သို့ ရောက်ရှိနေကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ H. E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် နေပြည်တော်အတွင်းရှိ အထင်ကရ နေရာများသို့ သွားရောက်လေ့လာကြပြီး ညပိုင်းတွင် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်သို့ တက်ရောက်ကြသည်။

**လေ့လာကြည့်ရှု**

ဦးစွာ ဘူရားတီးရားပြည်နယ် အကြီးအကဲနှင့် အဖွဲ့သည် အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံနှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြပြီး သမိုင်းတင်ခေတ်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ပုဂံခေတ်ဘုရားစေတီများဖြစ်သည့် အာနန္ဒာ၊ သဗ္ဗညု၊ ဓမ္မရံကြီးတို့၏ စကေးကိုက်ပုံစံငယ်များ၊ ဆင်းတုတော်များ၊ စဉ့်ပန်းများ၊ ဗိသုကာဆိုင်ရာ လက်ရာများ၊ နံရံဆေးရေးပန်းချီများနှင့် သီဟာသနပလ္လင်ပြခန်းတွင် ခင်းကျင်းပြသထားသည့် မြန်မာဘုရင်များ အသုံးပြုခဲ့ကြသည့် သီဟာသနပလ္လင်တော်၊ မင်းခမ်းတော် ပစ္စည်းများနှင့် နန်းတွင်း အသုံးအဆောင်ပစ္စည်းများကို လေ့လာကြည့်ရှုကြ၍ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဘူရားတီးရား ပြည်နယ်အကြီးအကဲနှင့်အဖွဲ့အား Aureum Palace Hotel ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ရာ ဧည့်ခံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်အပါအဝင် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဘူရားတီးရား ပြည်နယ် အကြီးအကဲနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ရှိသူက ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသည့် ဘုရင်မင်းမြတ်များ၏ သမိုင်းကြောင်း၊ ပြတိုက်အတွင်း ကဏ္ဍအလိုက်ပြခန်း၊ ပြကွက်များ ခင်းကျင်း ပြသထားမှုတို့ကို ရှင်းလင်းပြောကြားပြီး ဧည့်သည်တော်နှင့်အဖွဲ့သည် ပြခန်းတစ်ခုချင်းအလိုက် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာ၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဘူရားတီးရားပြည်နယ်အကြီးအကဲ H. E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

**တက်ရောက်**

ညပိုင်းတွင် ဘူရားတီးရား ပြည်နယ် အကြီးအကဲနှင့် အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပလျက်ရှိသည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော် ပွဲတော်သို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



ဘူရားတီးရားပြည်နယ်အကြီးအကဲ H. E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အမျိုးသားပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။



ဘူရားတီးရားပြည်နယ်အကြီးအကဲ H. E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ တရုတ်-မြန်မာယဉ်ကျေးမှုဖလှယ်ရေးရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့် (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်သို့ တက်ရောက်ခဲ့ပြီး လေ့လာရေးခရီးစဉ်များ သွားရောက်ခဲ့ရာမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသည့် တရုတ် - မြန်မာယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့် (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်သို့ တက်ရောက်ခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ ယူနန်ပြည်နယ် ကောင်စစ်ဝန်ချုပ် ဦးသွင်ထက်လင်းနှင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၃ ရက်မှစ၍ လေ့လာရေးခရီးစဉ် သွားရောက်ရာ ယမန်နေ့က ချူရှုံးပြည်နယ်ခွဲရှိ ရွှမ်းပေါ်ခရိုင် မီဒီယာစင်တာ၊ ချားမူ သဘာဝ အပန်းဖြေပန်းဥယျာဉ်၊ ရင်ပြင်၊ ချူရှုံးမြို့ရှိ တရုတ်-ယီ့ တိုင်းရင်းသားရိုးရာ ချည်ထိုးလုပ်ငန်း စင်တာနှင့် ကူမင်းမြို့ရှိ ထရန်းချီ တောင်ပေါ်ရေကန် အပန်းဖြေကမ်းခြေများသို့ သွားရောက်လေ့လာကြသည်။



### ကြည့်ရှုလေ့လာ

ဦးစွာ ရွှမ်းပေါ်ခရိုင် မီဒီယာစင်တာသို့ရောက်ရှိကြရာ ၎င်းတွင် ၂၀၁၈ ခုနှစ်မှစ၍ အင်တာနက် အသုံးပြု၍ Online News Media စင်တာတည်ထောင်ပြီး ထုတ်လွှင့်ခဲ့သည့်အပြင် အခြားလူမှုမီဒီယာများမှလည်း ဖြန့်ခွဲလွှင့်တင်နေမှု၊ စတူဒီယို တစ်ခန်းတည်းဖြင့် ဆက်တင်သုံးနေရာ ပြုလုပ်ထားရှိကာ စီစဉ်ရိုက်ကူးထုတ်လွှင့်နေမှု၊ သတင်းရယူ စိစစ်တည်းဖြတ်မှု လုပ်ငန်းစဉ်အတိုင်း မီဒီယာကျင့်ဝတ် လိုက်နာလုပ်ဆောင်နေမှု၊ သတင်းအကြောင်းအရာများအလိုက် ပြည်သူများကြည့်ရှုမှု အရေအတွက်ကို စောင့်ကြည့်စုစည်း၍ စိစစ်ရွေးချယ် အသုံးပြုမှု လုပ်ငန်းစဉ်အား Software ဖြင့် စနစ်တကျ ရေးဆွဲဆောင်ရွက်နေမှုတို့ကို ကြည့်ရှုလေ့လာကြပြီး မေးမြန်းခြင်း၊ ဖြည့်စွက်ဆွေးနွေး ပြောကြားခြင်းများ ဆောင်ရွက်ကာ ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့် မီဒီယာစင်တာမှ တာဝန်ရှိသူများသည် အမှတ်တရ ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ ရွှမ်းပေါ်ခရိုင် ချားမူ သဘာဝအပန်းဖြေ ရင်ပြင်/ပန်းဥယျာဉ်သို့ ရောက်ရှိကြရာ ၎င်းနေရာရှိ သဘာဝတောတောင်၊ သစ်ပင်၊ ပန်းပင်များနှင့် ရေကန်များအား စုဖွဲ့ထိန်းသိမ်းပြီး မြေဧရိယာ ၆၀၀၀ စတုရန်းမီတာခန့်တွင် ကွန်ကရစ်ရင်ပြင်၊ လမ်းနှင့် တံတားများ တည်ဆောက်၍ ပြည်သူလူထု အပန်းဖြေနိုင်ရန် စီစဉ်ထားရှိမှု၊ ရွှမ်းပေါ်ခရိုင်ရှိ တောတောင် သစ်တောများတွင် ဒေါင်းစိမ်း ဒေသမျိုးရင်းကောင်ရေ ၃၀၀ ခန့်ကို သဘာဝအလျောက် ထိန်းသိမ်း ထားရှိရာ ကမ္ဘာ့လက်ရှိ ဒေါင်းကောင်ရေ ၆၀၀ ခန့် ထိန်းသိမ်းထားရှိမှုအနက် တစ်ဝက်ခန့်အားထိန်းသိမ်းစောင့်ရှောက်ထားနိုင်မှု အခြေအနေများကို ဓာတ်ပုံများဖြင့် ခင်းကျင်းပြသထားမှုနှင့် ဒေသထွက်ကုန်များ ခင်းကျင်းပြသထားမှု တို့ကို လိုက်လံကြည့်ရှုလေ့လာကြသည်။

ထို့နောက် တရုတ် - ယီ့ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့က ရိုးရာတူရိယာများဖြင့် သီဆိုတီးမှုတ်၍ ကပြတင်ဆက်မှုကိုလည်းကောင်း၊ ကလေးငယ်နှစ်ဖွဲ့က ရိုးရာကျားသစ်အကနှင့် တူရိယာများတီးခတ်၍ ကပြတင်ဆက်မှုတို့ကို လည်းကောင်း ကြည့်ရှုအားပေးကြပြီး ကလေးငယ်များအား စားသောက်ဖွယ်ရာများ ပေးဝေကြသည်။

### လှည့်လည်ကြည့်ရှု

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချူရှုံးမြို့ရှိ တရုတ်-ယီ့ တိုင်းရင်းသားရိုးရာ ဒစ်ဂျစ်တယ် ချည်ထိုးလုပ်ငန်း စင်တာသို့ သွားရောက်ကြပြီး ယင်းလုပ်ငန်းစုအား ၂၀၂၂ ခုနှစ်က အလုပ်ရုံ ၁၃ စုဖြင့် စတင်ခဲ့ရာမှ ယခုနှစ်တွင် အလုပ်ရုံပေါင်း ၅၀၀ ကျော်အထိ တိုးတက်လာသကဲ့သို့ ဝင်ငွေရရှိမှုလည်း တိုးတက်မြင့်မားလာရာ ယခုအခါ "နေအိမ်တိုင်းမှာ ချည်ထိုးငွေရှာ" အဆိုဖြစ်လာကြောင်း၊ ၎င်းတို့အား ရှန်ဟိုင်းမှ ကုမ္ပဏီကြီးများက အဓိက ကူညီမတည် ဖြည့်ဆည်းပေးပြီး ဈေးကွက်မြင့်တင်ပေးခဲ့ရာ ၎င်းတို့ ချည်ထိုးပုံစံနှင့် အဝတ်အထည် အမျိုးအစား၊ ဒီဇိုင်းတို့အား ရှန်ဟိုင်း၊ ပေကျင်းတို့မှတစ်ဆင့် ပဲရစ်၊ မီလန်ပြပွဲများအထိ ထိုးဖောက်နိုင်ပြီ ဖြစ်ကြောင်း သိရပြီး ဒီဇိုင်းပုံစံ၊ အဝတ်အထည်များ၊ မှတ်တမ်းဓာတ်ပုံများ၊ လက်တွေ့ ချည်ထိုးပြသခြင်း တို့ကို လှည့်လည်ကြည့်ရှုကြသည်။

### ဖျော်ဖြေတင်ဆက်

ယင်းနောက် တရုတ်-ယီ့ တိုင်းရင်းသား တိုင်းရင်းသူ မော်ဒယ်များက ၎င်းတို့ ရိုးရာအား ဆန်းသစ်ထားသော ချည်ထိုးဝတ်စုံများဖြင့် ဝတ်ဆင်ပြီး ပြသတင်ဆက်ကြရာ မြန်မာ့ရုပ်မြင်သံကြားမှ ယိမ်းအဖွဲ့က "မလေးလက်ခတ်သံ"တေးသီချင်းဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယိမ်းအဖွဲ့က "လှမ်းခဲ့ပေါ့ မန္တလာမြေ" ယိမ်းအကဖြင့်လည်းကောင်း ပါဝင်ကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ညနေပိုင်းတွင် ကူမင်းမြို့ရှိ ထရန်းချီ တောင်ပေါ်ရေကန် အပန်းဖြေ ကမ်းခြေတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ လမ်းလျှောက်ခြင်း၊ မော်တော်စီးခြင်း၊ ကောင်းကင်ဓာတ်ရထားစီးခြင်းတို့ဖြင့် လာရောက်အပန်းဖြေလေ့လာနေမှု၊ ယင်းတောင်ပေါ်ရေကန်သို့ သဘာဝဆောင်းခိုစင်ရော်ငှက်များ ရောက်ရှိနေမှုနှင့် ခရီးသွားလည်ပတ်သူများက ငှက်စာကျွေးမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ထရန်းချီ တောင်ပေါ်ရေကန်အား တောင်ပေါ်ကုန်းမြင့်ဒေသတွင် မြှုပ်ထားသော တောက်ပသည့် "ပုလဲ" ဟု တင်စား ခေါ်ဆိုကြကြောင်း၊ ပေကျင်းမြို့ကြီးရှိ နွေရာသီနန်းတော်နှင့် ယှဉ်တွဲနေသည့် ရေကန်ပုံစံကို အတုယူတည်ဆောက်ထားခြင်း ဖြစ်ကြောင်း၊ အဆိုပါရေကန်မှာ မြောက်မှတောင်သို့ ကီလိုမီတာ ၄၀ ရှည်လျားကာ ၁၂ ဒသမ ၅ ကီလိုမီတာ ကျယ်ဝန်းပြီး ပင်လယ်ရေ မျက်နှာပြင်အထက် ၁၈၈၆ မီတာတွင် တည်ရှိကြောင်း၊ ရေကာတာနှစ်ခုဖြင့် အပိုင်းနှစ်ပိုင်းခွဲထားပြီး ကန်၏ မြောက်ဘက်စွန်းကို ချောင်ဟိုင်၊ တောင်ဘက်စွန်းကို ဝေဟိုင်ဟု ခေါ်ဆိုကြောင်း။

### အရေးပါသည့်ရေကန်တစ်ခုဖြစ်

ယူနန်ပြည်နယ်ရှိ အခြားရေကန်များနည်းတူ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရာတွင် အရေးပါသည့် ရေကန်တစ်ခုဖြစ်ကြောင်း သိရသည်။

ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ကူမင်းလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိ မြို့နယ်မီးသတ်ဦးစီးဌာန သင်တန်းခန်းမ၌ အရန် မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း (၁/၂၀၂၄)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။ သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး ကျော်ကျော်နိုင်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး ကျော်ကျော်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ထွန်းနိုင်နှင့် မြို့နယ်စီမံကိန်းဦးစီးမှူး ဦးဝင်းမော်ဦးတို့က သင်တန်းထူးချွန်ဆုရ သင်တန်းသားများအား ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွန်းအောင်က အရန်မီးသတ် တပ်ဖွဲ့ဝင်တစ်ဦးအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းသားများ တက်ရောက်ကြပြီး နည်းပြငါးဦး သင်တန်းသား ၅၀ ဖြင့် အောက်တိုဘာ ၂၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ စာတွေ့ လက်တွေ့ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မြင့်ရီ**




## တိုက်ကြီးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဆင်းပွဲကျင်းပ

**တိုက်ကြီး နိုဝင်ဘာ ၁၅**

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသားများအား ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးသူအောင်၊ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီးစိုးမိုးကျော်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့က ပေးအပ်ချီးမြှင့်သည်။

တိုက်ကြီးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းကို အောက်တိုဘာ ၂၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ အခြေခံလက်နက်မဲ့စစ်ရေးပြ၊ မီးသတ်ပညာ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေးနှင့် မီးသတ်တပ်ဖွဲ့၏ ဥပဒေ၊ နည်းဥပဒေ ဘာသာရပ်များကို သင်တန်းသား ၅၀ အား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်းသိရသည်။ **မြင့်ဦး**



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ ကုသိုလ်ပြုပါဝင်ဆင်နွှဲကြသူများ၏ ဝမ်းသာပီတိစကားသံများ

**တွေ့ဆုံမေးမြန်း - မျိုးဆက်သစ်**
**ဓာတ်ပုံ - ကိုကြီးထိန်**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း အောင်မြင်စွာ တည်ထားပူဇော်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါပွဲတော်တွင် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များ ရွတ်ဆိုခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌ LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိခြင်း၊ တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ ဇာတ်မင်းသား ဖိုးချစ်နှင့်အဖွဲ့က ဇာတ်သဘင်ဖြင့် ကပြဖျော်ဖြေခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များအား ဈေးနှုန်းချိုသာစွာဖြင့် ဖွင့်လှစ်ရောင်းချခြင်းစသည့် အစီအစဉ်ကောင်းများဖြင့် ကျင်းပလျက်ရှိရာ ပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ယူလာရောက်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများနှင့် ပွဲတော်ကဏ္ဍအလိုက် ပါဝင်ဖျော်ဖြေဆင်နွှဲကြသူများ၏ ဝမ်းသာပီတိစကားသံများကို မေးမြန်းရေးသားဝေမျှလိုက်ရပါသည်-



ဒေါက်တာသန်းနိုင်စိုး



ကိုစောဦး



ဦးစိုင်းဝင်းဟန်



ဒေါ်ကေသီမြင့်



မောင်နိုင်းနိုင်း



မောင်ကောင်းခန့်ဇော်

**ဒေါက်တာသန်းနိုင်စိုး(ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ နေပြည်တော်)**

ကျွန်တော်တို့အနေနဲ့ ပွဲတော်ကြီးမှာ ကျန်းမာရေးဝန်ကြီးဌာနကိုယ်စားပြု မီးပုံးပျံလွှတ်တင်ပူဇော်ဖို့အတွက် မီးပုံးပျံဒီဇိုင်း စတင်ပြုလုပ်ပါတယ်။ နောက်ပြီး တောင်ကြီးက မီးပုံးပျံပညာရှင်တွေနဲ့ ပူးပေါင်းပြီး မီးပုံးပျံတစ်ခုဖြစ်ပေါ်လာဖို့ ပူးပေါင်းဆောင်ရွက်ပါတယ်။ ဒီနေ့မှာတော့ ဝန်ကြီးဌာနကိုယ်စားပြု စိန်နားပန်မီးပုံးပျံကြီးတစ်ခု လွှတ်တင်ပူဇော်သွားမှာဖြစ်ပါတယ်။ မီးပုံးပျံနာမည်ကိုတော့ အာရောဂျံ ပရမံလာဘံဆိုပြီး အမည်ပေးထားပါတယ်။ မနှစ်ကလည်း ဝန်ကြီးဌာနကိုယ်စားပြုအနေနဲ့ မာရဝိဇယဘုရားကြီး တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ပူဇော်ပွဲမှာ ပထမဦးဆုံးလွှတ်တင်ပူဇော်ခွင့် ရရှိခဲ့ပါတယ်။ မာရဝိဇယဘုရားကြီးဆိုတာ ကျွန်တော်တို့နိုင်ငံတင်သာမက ကမ္ဘာပေါ်မှာပါ အကြီးမားဆုံး စကျင်ကျောက်ဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး ဖြစ်ပါတယ်။ ဘုရားကြီးတည်ထားပူဇော်ရတဲ့ ရည်ရွယ်ချက်ကလည်း တစ်ကမ္ဘာလုံး ငြိမ်းချမ်းစေဖို့အတွက် ပူဇော်ထားတာဖြစ်ပါတယ်။ အခုလို ထူးမြတ်တဲ့နေရာမှာ မီးပုံးပျံကပ်လှူပူဇော်ခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းသာကြည်နူးပြီး ဂုဏ်ယူမိပါတယ်။

**ကိုစောဦး(ဘုရားဖူးပြည်သူ၊ ဇေယျာသီရိမြို့နယ်)**

ကျွန်တော် ဒီနေ့ တန်ဆောင်မုန်းလပြည့်နေ့မှာ မာရဝိဇယဘုရားကြီးအား ဖူးမြော်တာ စိတ်ထဲမှာ အေးချမ်းပြီး ဝမ်းသာကြည်နူးဖြစ်ရပါတယ်။ ကျောက်စာရုံတွေဘက်လည်း ကြည့်ရှုလေ့လာခဲ့ပါတယ်။ အခုတော့ မီးပုံးပျံလွှတ်တင်မှာကို စောင့်နေတာဖြစ်ပါတယ်။ ရင်ပြင်တော်မှာ ရှမ်းရိုးရာအကအလှတွေ၊ ရှမ်းအိုးစည်သံတွေအပြင် ဆင်အက၊ အိုးစည်သံတွေနဲ့ အလွန်ကြည်နူးဖို့ကောင်းပါတယ်။ ဘုရားကြီးမှာ ဒုတိယအကြိမ် မီးပုံးပျံလွှတ်တင်ပူဇော်တာဆိုပေမယ့် အရင်နှစ်က ခရီးလွန်နေလို့ ရုပ်မြင်သံကြားကနေပဲ ကြည့်ခွင့်ရခဲ့ပါတယ်။ အခုအပြင်မှာ မြင်တွေ့ရမှာဆိုတော့ ကြည်နူးရင်ခုန်မိပါတယ်။ အရင်တုန်းကတော့ ရှမ်းပြည်နယ် တောင်ကြီးကို တကူးတက သွားခဲ့ကြရတာဖြစ်ပါတယ်။ အခုတော့ နေပြည်တော်မှာပဲ ရှမ်းရိုးရာအငွေ့အသက်တွေနဲ့ ကြည့်ရတာဆိုတော့ ရှမ်းပြည်နယ် ရောက်သွားသလိုပါပဲ။ ပြီးရင်တော့ ပွဲဈေးတန်းလျှောက်ကြည့်မှာ ဖြစ်ပါတယ်။ အရောင်းပြခန်းတွေလည်း ရှိတယ်ဆိုတော့ နှစ်သက်တာတွေ့ရင် ဝယ်ယူဖို့ စိတ်ကူးထားပါတယ်။ မကြည့်ရတာ ကြာပြီဖြစ်တဲ့ ဇာတ်ပွဲလည်း ကြည့်သွားမှာဖြစ်ပါတယ်။ တန်ဆောင်မုန်းလပြည့်နေ့ကစပြီး မြန်မာနိုင်ငံနဲ့တကွ ပြည်သူပြည်သားအားလုံး အေးချမ်းသာယာကြပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်။

**ဦးစိုင်းဝင်းဟန်**
**(ရှမ်းတိုင်းရင်းသားရိုးရာအက၊ ဖျော်ဖြေရေးအဖွဲ့)**

ကျွန်တော်က ရှမ်းရိုးရာအကနဲ့ ဖျော်ဖြေဖို့အတွက် တောင်ကြီးကနေ လာရောက်တာ ဖြစ်ပါတယ်။ နေပြည်တော်မှာ မီးပုံးပျံလွှတ်တင်ပူဇော်တာကို ပထမဆုံးရောက်ဖူးတာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရှမ်းရိုးရာအက၊ ကိန္နရီအက၊ တိုးနယားအက၊ ရှမ်းအိုးစည်တို့နဲ့ လာရောက်ဖျော်ဖြေရတဲ့အတွက် အလွန်ဝမ်းသာပီတိ ဖြစ်မိပါတယ်။ နေပြည်တော် မာရဝိဇယဘုရားကြီးမှာ ရှမ်းတိုင်းရင်းသားတို့ရဲ့ အကအလှချပြခွင့်လည်းရတဲ့အပြင် အခြားအကအလှတွေကို တွေ့မြင်ရတဲ့အတွက် ဗဟုသုတတွေလည်းရရှိပါတယ်။

**ဒေါ်ကေသီမြင့်(ဘုရားဖူးပြည်သူ၊ နေပြည်တော်)**

ကျွန်မအနေနဲ့ ဘုရားကြီးရဲ့ တန်ဆောင်တိုင်ပွဲတော်ကို ဒီနေ့မှ လာရောက်ဆင်နွှဲခြင်းဖြစ်ပါတယ်။ အရင်ရက်တွေကတော့ ရုပ်မြင်သံကြားကပဲ ပူဇော်ခွင့်ရရှိခဲ့ပါတယ်။ အခုလို ကိုယ်တိုင်ကိုယ်ကျ လာရောက်ဆင်နွှဲရတဲ့အတွက် ရင်ထဲမှာ ဝမ်းသာမိပါတယ်။ ဒီလိုတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဆိုတာ တောင်ကြီးမြို့ကို တကူးတက သွားရောက်မှသာ မြင်တွေ့ခွင့်ရတဲ့ မြင်ကွင်းဖြစ်ပါတယ်။ အခုဆို နိုင်ငံတော်အကြီးအကဲတွေက စေတနာ၊ မေတ္တာရှေ့ထားပြီး ထူးမြတ်လှတဲ့ မာရဝိဇယဘုရားကြီးမှာ ကြီးကျယ်ခမ်းနားစွာနဲ့ ကျင်းပပေးတဲ့အတွက်လည်း ကျေးဇူးတင်ရှိပါတယ်။ နောက်နှစ်တွေကိုလည်း ဒီလိုပဲ ကျင်းပပေးဖို့ မျှော်လင့်မိပါတယ်။

**မောင်နိုင်းနိုင်း(ကျောင်းသား၊ ဖျော်ဖြေရေးအဖွဲ့)**

ကျွန်တော်ကတော့ အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူသီရိမြို့နယ်မှာ ပညာသင်ကြားနေတဲ့ ကျောင်းသားတစ်ယောက်ဖြစ်ပါတယ်။ အခုလို တန်ဆောင်တိုင်ပွဲတော်မှာ ကျွန်တော့်အနေနဲ့ ပညာရေးဝန်ကြီးဌာနကိုယ်စားပြု ဖျော်ဖြေရေးယိမ်းအဖွဲ့အနေနဲ့ ပါဝင်ဆင်နွှဲသွားမှာဖြစ်ပါတယ်။ ဒီလို စည်ကားလှတဲ့ တန်ဆောင်တိုင်ပွဲတော်ကို ကျွန်တော့်ဘဝမှာ တစ်ခါမှ မမြင်ဖူးခဲ့ပါဘူး။ အခုလို ကြီးကျယ်ခမ်းနားလှပြီး စည်ကားလှတဲ့ တန်ဆောင်တိုင်ပွဲတော်မှာ ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။ အနယ်နယ်အရပ်ရပ်က လာရောက်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့ ဆုံတွေ့ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ ပွဲတော်ကြီးမှာလည်း မီးရှူးမီးပန်း ပစ်ဖောက်ပူဇော်မှုတွေ၊ မီးပုံးပျံလွှတ်တင်ပူဇော်မှုတွေကို မြင်တွေ့ရတဲ့အတွက်လည်း အံ့ဩဝမ်းသာမိပါတယ်။

**မောင်ကောင်းခန့်ဇော်**
**(ကျောင်းသား၊ ဖျော်ဖြေရေးအဖွဲ့)**

ကျွန်တော်ကတော့ တန်ဆောင်တိုင်ပွဲတော်ကြီးမှာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကနေပြီး ပညာရေးဝန်ကြီးဌာနကိုယ်စားပြု ဖျော်ဖြေရေးအနေနဲ့ ပါဝင်သွားမှာဖြစ်ပါတယ်။ အရင်နှစ်တွေကတော့ ဒီလို ဖျော်ဖြေရေးအနေနဲ့ မပါဝင်ဖူးပါဘူး။ ကျွန်တော့်အတွက်ကတော့ ပထမဆုံးဖြစ်တဲ့အတွက် ရင်ခုန်စိတ်လှုပ်ရှားမိပါတယ်။ တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို တောင်ကြီးတန်ဆောင်တိုင်ပွဲတော်မှာ မြင်တွေ့ဖူးပါတယ်။ အခုလို နေပြည်တော်မှာ စည်စည်ကားကားနဲ့ ကျင်းပပေးတဲ့အတွက်လည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။ တန်ဆောင်တိုင်ညရဲ့အလှကို အပြည့်အဝခံစားခွင့်ရခဲ့တယ်လို့ ခံစားမိပါတယ်။

# ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိ

**သံဖြူဇရပ် နိုဝင်ဘာ ၁၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၌ တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းမှစ၍ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဘုရားဖူးလာပြည်သူများအနေဖြင့် တန်ဆောင်တိုင်ကာလ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်များ၌ အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြပြီး စိတ်အေးချမ်းမြေ့စွာဖြင့် ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးအား ဖူးမြော်ကန်တော့ခြင်းနှင့် ငါးစာကျွေးမွေးခြင်းတို့ဖြင့် ကုသိုလ်ယူခဲ့ကြသည်။

ထို့နောက် ဘုရားဖူးလာပြည်သူများအနေဖြင့် ဘုရားဖူးပြီးအပြန် စက်စဲကျေးရွာရှိ စက်စဲကမ်းခြေအပန်းဖြေစခန်းသို့ ဝင်ရောက်ရေကစားခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော် အောင်မြင်စွာကျင်းပပြီးစီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲခဲ့ကြ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အတွင်း တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်များအနက် ဥဏှ် တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ယနေ့တွင် တန်ဆောင်တိုင် မီးထွန်းပွဲတော် နောက်ဆုံးနေ့ အဖြစ် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူ များ တစ်ခဲနက်ပါဝင်ဆင်နွှဲကြ သည်။

## ကြည်နူးဖွယ်ရာ တွေ့မြင်ရ

ယနေ့သည် တန်ဆောင်မုန်း လပြည့်နေ့နှင့် တန်ဆောင်တိုင် မီးထွန်းပွဲတော်ကြီး၏ နောက်ဆုံး ရက်ဖြစ်သည်နှင့်အညီ ဘုရား မုခ်ဦးအပြင် ကားရပ်နားဝင်းများ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ကားများ ပြည့်လျက်ရှိပြီး ယာဉ် ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရား အဝင်၊ အထွက် လမ်းကြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် စနစ် တကျဆောင်ရွက်ပေးကာ ဗုဒ္ဓ ဥယျာဉ် ဝတ္ထုကံတော်အတွင်း မီးထွန်း ပွဲတော်ကြီး၌လည်း တပျော်တပါး ပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့် ဘုရားဖူး ပြည်သူများဖြင့် အထူးစည်ကား လျက်ရှိသည်ကို ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်။

ဘုရားမုခ်ဦးများ ရှေ့၌လည်း တန်ဆောင်တိုင် မီးထွန်း ပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရား ဖူးမြော် ပါဝင်ဆင်နွှဲနိုင်ရေး အတွက် တာဝန်ရှိသူများက လုံခြုံ ရေးအရ လိုအပ်သည့်စစ်ဆေးမှု များ ဆောင်ရွက်ပေးပြီး ပွဲတော် အတွင်း ကုသိုလ်ပြု ဆီမီးထွန်းညှိ နိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ် တင် ပူဇော်မည့်နေရာများ၊ ဈေး ပွဲတော်နေရာများနှင့် အခြားသွား ရောက် လေ့လာနိုင်မည့် နေရာ များကို အလွယ်တကူသွားရောက် နိုင်ရေးအတွက် လမ်းညွှန်ပြသပေး ကြသည်။ ထို့နောက် တန်ဆောင် တိုင်မီးထွန်းပွဲတော်သို့ လာရောက် ကြသည့် ဘုရားဖူးလာရဟန်းရှင် လူ ပြည်သူများသည် စိတ်အေး ချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော် ကြည်ညိုကြပြီး ဘုရားရင်ပြင် တော်အတွင်း ဆီမီးကပ်လှူပူဇော် ခြင်း၊ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့ များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော် ခြင်းတို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓ ဥယျာဉ် ဝတ္ထုကံတော်အတွင်း မြတ်စွာဘုရားရှင်၏ တရားဓမ္မ သံများ စိတ်ကြည်နူးဖွယ်ရာ ဖုံးလွှမ်းလျက်ရှိသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နောက်ဆုံးနေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

## ကြည့်ရှုလေ့လာ

မြတ်စွာဘုရားရှင်အား မီးပုံးပျံ လွှတ်တင်ပူဇော်မည့် နေရာ အသီးသီး၌လည်း ဘုရားဖူးလာ ပြည်သူများက ကြိုတင်စောင့်ဆိုင်း ရောက်ရှိနေကြပြီး မီးပုံးပျံ အောင်မြင်စွာ လွှတ်တင်နိုင်ရေး အတွက် တာဝန်ရှိသူများ ဆောင် ရွက်နေသည့် လုပ်ငန်းစဉ်အဆင့် ဆင့်ကိုလည်း အထူးစိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မီးပုံးပျံလွှတ်တင်၍ မြတ်စွာဘုရားရှင်အား ပူဇော်မည့် အချိန် ရောက်ရှိသည့်အခါတွင် တိုင်းရင်းသားရိုးရာ အကအလှ များ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံး များဖြင့် တွဲဖက်၍ ဘုရားဝင်း အတွင်း သတ်မှတ်နေရာများ အလိုက် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းနှင့် မီးပုံးပျံ အသေးများ၊ အလှညမီးကြီးနှင့် စိန်နားပန် မီးပုံးပျံကြီးများ ကို ကောင်းကင်ယံထက်သို့ အောင်မြင်စွာ လွှတ်တင်ပူဇော်ကြ ရာ ဘုရားဖူးလာပြည်သူများ၏ ကြည်နူးပီတိလက်ခုပ်သံများသည် လည်း နေပြည်တော် တန်ဆောင် မုန်းလ၏ ညအလှကို ပိုမိုပေါ်လွင် စေခဲ့သည့်အပြင် အဆိုပါမီးပုံးပျံ လွှတ်တင်ပူဇော်မှုများကို နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် တိုက်ရိုက် (Live) ထုတ်လွှင့်ပြသခဲ့ရာ အကြောင်း အမျိုးမျိုးကြောင့် မလာရောက်နိုင်သည့် ပြည်သူများ ရုပ်မြင်သံကြားမှတစ်ဆင့် ပူဇော် ခွင့်ရရှိခဲ့ကြသည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထု ကံတော်အတွင်း၌လည်း LED မီး များဖြင့် အလှဆင်ပူဇော်ထားရှိ သည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထား ပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်း ဗိသုကာလက်ရာများကိုလည်း ဘုရားဖူးလာပြည်သူများအနေဖြင့် တစ်နှစ်တွင် တစ်ကြိမ်သာ ကြုံတွေ့ရမည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာနိုင်ကြ မည်ဖြစ်သည်။

## အထူးစည်ကားလျက်ရှိ

ဆက်လက်၍ ကျောက်စာရုံ စေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံ ဘုရားများ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယ ကျောင်းတော်နှင့် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးသို့ သွား ရောက်ဖူးမြော်ကြည်ညိုလေ့လာ ကြသည့် ဘုရားဖူးလာပြည်သူ များနှင့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်း

**စာမျက်နှာ ၁၃ သို့**



မီးရှူး၊ မီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းနှင့် မီးပုံးပျံများ လွှတ်တင်ပူဇော်နေမှုကို တွေ့ရစဉ်။




ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များတွင် ဝယ်ယူအားပေးကြသူများကို တွေ့ရစဉ်။



တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

✣ စာမျက်နှာ ၁၂ မှ

အသေး နေရာများ၌လည်း မိသားစုလိုက်သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့လိုက်သော်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

**ကြိတ်ကြိတ်တိုးစည်ကား**

ထို့အတူ ပွဲတော်လာပြည်သူများအတွက် ဖျော်ဖြေရေးအစီအစဉ်ကောင်းများအဖြစ် တေးသံရှင်များ၏ တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းကောင်းများ၊ လူကြီး၊ လူငယ်အကြိုက် ခေတ်ဟောင်းနှင့် ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုအပြင် ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုအဖြစ် မြန်မာနိုင်ငံသဘင်အစည်းအရုံး၏ စီစဉ်မှုဖြင့် ဇာတ်မင်းသား ဖိုးချစ်တို့အဖွဲ့နှင့် အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေကြရာ လာရောက်အားပေးနားဆင်ကြည့်ရှုကြသည့် အနုသုခုမ ဝါသနာရှင်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။


ဇာတ်မင်းသားဖိုးချစ်နှင့်အတူ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ဖျော်ဖြေတင်ဆက်ကြစဉ်။

အလားတူ ဘုရားဖူးလာပြည်သူများ ဒေသထွက်လက်ဆောင်အဖြစ် ဝယ်ယူနိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ မြန်မာ့ရိုးရာ အစားအစာအရောင်းဆိုင်များ ဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်ဝင်တစားဖြင့် ကြိတ်ကြိတ်တိုး ဝယ်ယူလျက်ရှိကြသည့် အပြင် ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ၌လည်း မြန်မာမုန့်များကို ချစ်ခင်မြတ်နိုးစွာဖြင့် ဝယ်ယူအားပေးကြရာ ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း သိရသည်။

ထို့ပြင် ဘုရားဖူးလာ ကလေးငယ်များအတွက်လည်း ကလေးကစားကွင်း ထားရှိပေးထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

**တစ်ခဲနက် ပါဝင်ဆင်နွှဲ**

တန်ဆောင်တိုင် မီးထွန်းပွဲတော်လာပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက ဘုရားပရိဝုဏ်အတွင်း စနစ်တကျလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါတန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်မှ ယနေ့အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအနေဖြင့်လည်း ပွဲတော်ကြီးအား စိတ်အားထက်သန်စွာ တစ်ခဲနက် ပါဝင်ဆင်နွှဲခဲ့ကြသည့်အတွက်လည်း အထူးစည်ကားများပြားခဲ့ကာ တန်ဆောင်တိုင်ည၏အလှနှင့် ရသကို အပြည့်အဝခံစားနိုင်ခဲ့ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**


မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နောက်ဆုံးနေ့တွင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။


စိန်နားပန်မီးပုံးပျံကြီး လွှတ်တင်ပူဇော်မှုကို တွေ့ရစဉ်။


တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။


မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နောက်ဆုံးနေ့တွင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

# တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

**ရန်ကုန် နိုဝင်ဘာ ၁၅**

ယနေ့သည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။



ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၆) ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်ခတ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များနှင့် ဘုရားဖူးလာပြည်သူများက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းမှစတင်ကာ ဗုဒ္ဓရုပ်ပွားတော်များအား ကပ်လှူပူဇော်မည့် မသိုးရွှေကြာသင်္ကန်းတော်များကို ကိုင်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်မြတ်အား ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက အာရုံခံတန်ဆောင်း မုခ်လေးမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမမြတ်စွာဘုရားတို့အား ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက ရွှေတိဂုံစေတီတော်ရင်ပြင် ဧည့်ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူပူဇော်ကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများအား ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဂေါပကအဖွဲ့များက အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ရေစက်ချအခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ အဂ္ဂသာမိထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သ.စ.အ ဓမ္မာစရိယ ဝဋံ့သကာပါဠိပါရဂူ စေတိယင်္ဂဏပဝရသိရီမဟာဓမ္မဂုရု ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တနာရဒါဘိဝံသ(လှုရတနာဆရာတော်) ထံမှ အနုမောဒနာ တရားနာယူပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ အကြိမ် (၄၀) မြောက် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက မသိုးရွှေကြာသင်္ကန်းတော်များကို စေတီတော်တစ်ပတ် လက်ယာရစ်လှည့်လည်ပူဇော်ခံပြီး စေတီတော်ပရိဝုဏ်အတွင်းရှိဗုဒ္ဓရုပ်ပွားတော်မြတ်များအား မသိုးရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များသည် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

အလားတူ သင်္ဃနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ကြီး၏ (၂၄) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း အောင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ဗုဒ္ဓရုပ်ပွားတော်မြတ်များအား မသိုးရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ (နေနတ်သားဆရာတော်) ဘဒ္ဒန္တ သုစိတ္တထံမှ ကိုးပါးသီလခံယူဆောက်တည်ကြ၍ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြကာ ဂေါပကအဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နေနတ်သားဆရာတော်ထံမှ အနုမောဒနာ တရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့ပြင် မဟာဝိဇယစေတီတော်၊ ဆူးလေစေတီတော်၊ ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ မင်းဓမ္မကုန်းရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရွှေဘုန်းပွင့်စေတီတော်၊ သမိုင်းဝင်ကျိုက္ကဆံ ဆံတော်ရှင်စေတီတော်နှင့် ဆုတောင်းပြည့်မယ်လမုစေတီတော်၊ ကိုးထပ်ကြီးဘုရားတို့တွင်လည်း ယနေ့နံနက်ပိုင်းမှစတင်ပြီး စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက တန်ဆောင်မုန်းလပြည့်နေ့ သာမညဖလအခါတော်နေ့အခမ်းအနားများကို ကျင်းပကြကာ သာမညဖလသုတ္တန်ဒေသနာတော်များကို ရွတ်ဖတ်မေတ္တာပို့ဆုတောင်းကြသည်။

တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘုရားစေတီများ၌ မသိုးရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ခြင်း၊ သာမညဖလအခါတော်နေ့ ပူဇော်ပွဲများ၊ ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်ပွဲများနှင့် ရပ်ကွက်အလိုက်၊ လမ်းအလိုက်စုပေါင်း၍ မဟာဘုံကထိန်အလှူပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ထို့ပြင် တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရား၊ စေတီများတွင် အလှူရှင်များက ဘုရားဖူးလာပြည်သူများအား စတုဒိသာများကျွေးမွေးခြင်း၊ ရုံးများ၊ ပန်းခြံများ၊ ရပ်ကွက်၊ လမ်းနှင့် လူနေအိမ်များ၌ လျှပ်စစ်ရောင်စုံမီးအလှများ၊ ဆီမီးခွက်များ၊ ဖယောင်းတိုင်များ ထွန်းညှိပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြပြီး လမ်းအလိုက် နိဗ္ဗာန်ဈေးပွဲတော်များကို စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်မင်းလတ်(MNA)**

## တောင်ငူမြို့ရှိ ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**တောင်ငူ နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ယနေ့ (တန်ဆောင်မုန်းလပြည့်နေ့)နံနက်ပိုင်း၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ထို့အတူ ယမန်နေ့ညပိုင်းက သာမညဖလ အခါတော်နေ့ အထိမ်းအမှတ်အဖြစ် တောင်ငူမြို့သူမြို့သားများက ရွှေဆံတော်စေတီတော် မြတ်ကြီးအား တန်ဆောင်တိုင်ဆီမီး ၃၀၀၀ နှင့် မီးပုံးပျံများဖြင့် လှူတင်ပူဇော်ခြင်း၊ တောင်ငူမြို့ PCEC ကိုယ်ပိုင်အထက်တန်းကျောင်းမှ ပြသထားသည့် တန်ဆောင်တိုင် အထိမ်းအမှတ် ပန်းချီလက်ရာများ ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် ဒေသခံအဆိုတော်များ၏ ကပြသီဆိုဖျော်ဖြေမှုများကို စည်ကားသိုက်မြိုက်စွာ ကြည့်ရှုအားပေးကြကြောင်းနှင့် ဘုရားဖူးပြည်သူများအား Ve Ve အချိုရည်မှ အအေးအချိုရည်ဒါနပြုခဲ့ကြကြောင်း သိရသည်။



**ဇော်ကိုကို (တောင်ငူ)**

## ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား

**ပဲခူး နိုဝင်ဘာ ၁၅**

တန်ဆောင်မုန်း လပြည့်နေ့၌ ကျင်းပလေ့ရှိသော တန်ဆောင်တိုင်ပွဲတော်သည် ဘုရားရှင်အား ဆီမီးထွန်းညှိ ပူဇော်သည့်ပွဲတော်ဖြစ်သကဲ့သို့ ကထိန်သင်္ကန်းကပ်လှူခွင့်ရသော နောက်ဆုံးနေ့ဖြစ်သည်။

အဆိုပါ နေ့ထူးနေ့မြတ်တွင် ပဲခူးမြို့ရှိ ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၊ ကျိုက်ပညာယျစေတီတော်မြတ်ကြီး၊ မဟာစေတီတော်မြတ်ကြီး၊ ရွှေသာလျောင်းဘုရား၊ စိန်သာလျောင်းဘုရား၊ ကျိုက်ပွန်ဘုရား၊ ဟင်္သာကုန်းဘုရား၊ ရွှေဂူကြီးဘုရား၊ ရွှေဂူလေးဘုရားတို့တွင် ယနေ့နံနက်ပိုင်းမှစတင်ကာ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ပတ်ဝန်းကျင်ဒေသများမှ ဘုရားဖူး လာရောက်ကြသူများသည် ဥပုသ်သီလ ဆောက်တည်ခြင်း၊ တရားဘာဝနာ ပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း စသည့် ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရှိရသည်။



**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်

# တန်ဆောင်မုန်းလပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား

**နေပြည်တော် နိုဝင်ဘာ ၁၅**

ယနေ့ကျရောက်သည့် ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးလာရောက်ကြသူများ၊ ကုသိုလ်ကောင်းမှု ပြုကြသူများ၊ ဥပုသ်သီလ ဆောက်တည်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်အတွင်းရှိ ပြည်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်၊ လက်လုပ်တောင်စေတီ၊ ဓာတုစယဓာတ်ပေါင်းစုစေတီတော်၊ ထာဝရငြိမ်းချမ်းရေးစေတီ၊ ဗုဒ္ဓဂယာ(နေပြည်တော်)၊ မဟာသကျရံသီရုပ်တော်မူ ရုပ်ရှင်တော်မြတ်ကြီး၊ ရန်အောင်မြင်ရွှေလက်လှစေတီတော်၊ရန်အောင်ချမ်းသာဘုရား၊ လေ့ခွင်းတောင်တန်ခိုးကြီးဘုရား၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်စသည့် စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းတို့ဖြင့် တန်ဆောင်မုန်းလပြည့်နေ့အခါသမယကို ပျော်ရွှင်အေးချမ်းစွာ ဖြတ်သန်းလျက်ရှိသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဗုဒ္ဓဘာသာဝင်ပြည်သူများသည် တစ်နှစ်လျှင် တစ်ကြိမ်၊ တစ်ကြိမ်တွင်လည်း တန်ဆောင်မုန်းလ ရာသီတွင်သာ ကထိန်အလှူကို ပြုကြရသည်ဖြစ်ရာ ကထိန်အလှူဒါနမြောက်စေရန် မြို့နယ်၊ ရပ်ကွက်၊ လမ်းများအလိုက် စုပေါင်းမဟာဘုံကထိန်များ လှူဒါန်းကြပြီး အိုးစည်ဒိုးပတ်ဝိုင်းများဖြင့် မြို့တွင်းလှည့်လည်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများတွင် ကထိန်ခင်းခြင်း၊ စတုဒိသာများ ကျွေးမွေးခြင်းစသည့် ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် တန်ဆောင်မုန်းလပြည့်အခါသမယသည် အများပြည်သူရုံးပိတ်ရက် ဖြစ်သည့်အတွက် နေပြည်တော်အတွင်းရှိ ဘုရားစေတီများသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်လျက်ရှိပြီး နေပြည်တော်အတွင်းရှိ အထင်ကရနေရာများ ဖြစ်သည့်



အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ငလိုက်ဆင်စခန်းနှင့် မင်္ဂလာကန်တော်စသည့် နေရာများတွင် လာရောက် အပန်းဖြေသူ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

"တန်ဆောင်"မှာ မီးရှူး၊ မီးတိုင်၊ ဆီမီး ဟု အဓိပ္ပာယ်ရပြီး "မုန်း" မှာ တောက်ပသည် ဟူသော အနက်ကိုယူ၍ ဝေါဟာရ ပေါင်းစည်းသည့်အခါ "ဆီမီးတိုင်များ မျက်စိတစ်ဆုံး ပွားများ ထွန်းလင်းနေသည်"ဟု ဆိုလိုသည်ဖြစ်ရာ တန်ဆောင်မုန်းလပြည့်ည အခါသမယတွင် စေတီဘုရားများ၌ ဆီမီးပူဇော်ပွဲများ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးနှင့် မီးရောင်စုံထွန်းညှိ ပူဇော်လျက်ရှိသည့်အပြင် ညပိုင်းတွင် မဲဇလီဖူးသုပ် ဒါနပြုကြသူများ၊ ပံ့သကူအလှူပြုကြသူများ၊ ပံ့သကူအလှူ ကောက်ကြသူများဖြင့် အေးချမ်း ပျော်ရွှင်လျက်ရှိသည်ကို တွေ့ရသည်။

**သတင်းစဉ်**





## ထားဝယ်မြို့တန်ဆောင်တိုင်ပွဲတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိ

**ထားဝယ် နိုဝင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဘုရားကြီးဂေါပကအဖွဲ့က ကြီးမှူး၍ ရပ်ကွက်ပေါင်းစုံ ပါဝင်သော ထားဝယ်ဒေသ၏ အထင်ကရ ပွဲတော်တစ်ခုဖြစ်သည့် (၁၁၂)ကြိမ်မြောက်တန်ဆောင်တိုင်ပွဲတော် နှစ်ကျိပ်ရှစ်ဆူဘုရားများ ပူဇော်ခံထားရှိသည့် ဘုရားကြီးဝင်းအတွင်း၌ ယနေ့ညနေပိုင်းက ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။



တန်ဆောင်မုန်း လပြည့်နေ့တွင် နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားရုပ်ပွားတော်များအား ရွှေတောင်စားစေတီဘုရားကြီးဝင်းအတွင်း ယာယီဂန္ဓကုဋီ အဆောင်တော်၌ ကိန်းဝပ်စံပယ်ထားရာ ရပ်နီးရပ်ဝေးမှဘုရားဖူးလာ ပြည်သူများ၊ မိသားစုအလိုက်ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး စေတနာရှင်၊ အလှူရှင်များက ဘုရားကြီးဂေါပကအလှူခံမဏ္ဍပ်သို့ အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိပြီး ဒေသခံပြည်သူများနှင့် ဘုရားဖူးလာ ပြည်သူများက ရွှေတောင်စားစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြကာ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ ဂုဏ်တော်များနှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်(၉၆၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းသပိတ်လောင်းလှူပွဲကျင်းပ

**ညောင်ဦး နိုဝင်ဘာ ၁၅**

ညောင်ဦးမြို့ အုံ့ဖွယ်ကိုးစုံ ရွှေစည်းခုံ စေတီတော်၏ (၉၆၅)ကြိမ်မြောက်တန်ဆောင်တိုင် ဗုဒ္ဓပူဇနီယပွဲတော်တွင် ဘုရားအမှူးရှိသော သံဃာတော်၊ သာမဏေ စုစုပေါင်း ၇၇၇ ပါးတို့အား ဆွမ်းသပိတ်လုံးနှင့် ငွေပဒေသာပင်များ ဆက်ကပ် လောင်းလှူပွဲကို ယနေ့ နံနက် ၇ နာရီက ရွှေစည်းခုံ စေတီတော် အင်္ဂါထောင့်မဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါ ဆွမ်းသပိတ်လောင်းလှူပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့်အဖွဲ့ဝင်များ၊ ရွှေစည်းခုံစေတီတော် ဂေါပကဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဘုရားအမှူးရှိသော သံဃာတော်၊ သာမဏေ စုစုပေါင်း ၇၇၇ ပါးတို့အား ဆွမ်းသပိတ်လုံးနှင့် ငွေပဒေသာပင်များ ဆက်ကပ် လောင်းလှူကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

# တန်ဆောင်မုန်းလပြည့်နေ့တွင် မန္တလေးမြို့လုံးအနှံ့ ကုသိုလ်ကောင်းမှုပြုကြသူများ၊ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိ





**မန္တလေး နိုဝင်ဘာ ၁၅**

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ နေ့ထူးနေ့မြတ်တန်ဆောင်မုန်းလပြည့် (သာမညဖလ အခါတော်နေ့)ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ အပန်းဖြေစခန်းများ၌ လာရောက်အပန်းဖြေကြသူများဖြင့် မြို့လုံးအနှံ့ စည်ကားလျက်ရှိသည်။

နံနက်အရုဏ်တက်ချိန်မှစတင်၍ မန္တလေးမြို့ရှိ ဘုရား၊ ပုထိုး၊ စေတီများ၊ ဓမ္မာရုံများ၌ မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဌာနဆိုင်ရာအသီးသီးတို့မှ ကထိန်သင်္ကန်းကပ်လှူခြင်းတို့ကို အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ မန္တလေးမြို့ခံများအပြင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများက ကုသိုလ်ပြုပါဝင်ဆင်နွှဲကြပြီး အသင်းအဖွဲ့အလိုက်၊ မိသားစုအလိုက် ပဒေသာပင်များကို သက်ဆိုင်ရာကျောင်းများသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်ခင်းကျင်း၍ ရေစက်ချလှူဒါန်းခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်း၊ စတုဒိသာကျွေးမွေးကုသိုလ်ပြုခြင်းများဖြင့် မန္တလေးမြို့တစ်ခွင် ခြိမ့်ခြိမ့်သဲကျင်းပလျက်ရှိသည်။

မန္တလေးမြို့၏ အထင်ကရတန်ခိုးကြီး ဘုရားတစ်ဆူဖြစ်သည့် မဟာမုနိဘုရားကြီးအား ယနေ့နံနက်ပိုင်းတွင် ဆရာတော်၊ သံဃာတော်များ အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး မသိုးမြတ်သင်္ကန်းတော်ဆက်ကပ်လှူဒါန်းကာ ရဟန်းရှင်လူပြည်သူများကလည်း ဆွမ်း၊ ရေချမ်း၊ ပန်းပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များ၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားဘာဝနာအားထုတ်ကြခြင်းများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ မန္တလေးတောင်တော်ဆုတောင်းပြည့်ဘုရား၊ ကုသိုလ်တော်ဘုရား၊ ကျောက်တော်ကြီးဘုရား၊ အောင်တော်မူမြတ်စွာဘုရား၊ ရွှေကျီးမြင်ဘုရား၊ စွယ်တော်မြတ်စေတီတော်(မန္တလေး)၊ ဝေရောစန ကျောက်စိမ်းစေတီတော် စသည့်တန်ခိုးကြီးဘုရားစေတီတို့တွင်လည်း ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်း၍ ဆီမီးပူဇော်ခြင်း၊ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ကြခြင်းအပြင် အလှူရှင်များက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအား စတုဒိသာအာဟာရကျွေးမွေး ကုသိုလ်ပြုကြခြင်းဖြင့် မြန်မာတို့၏ သဒ္ဓါတရားထက်သန်မှုစိတ်ရင်းများကို ပုံဖော်ခဲ့ကြသည်။

ညပိုင်းတွင်လည်း ဘုရားစေတီများ၌ ဆီမီးပူဇော်ပွဲများ ကျင်းပခြင်း၊ မီးပုံးပျံများလွှတ်တင်ခြင်း၊ နေအိမ်များ၌ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဆီမီးနှင့် မီးရောင်စုံ ထွန်းညှိပူဇော်ခြင်းများဖြင့် မန္တလေးမြို့၏ တန်ဆောင်တိုင်လပြည့်ညအလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး မဲဇလီဖူးသုပ်ဒါနပြုကြသူများ၊ ပွဲသကူ လိုက်လံကောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် မန္တလေးမြို့၏ အထင်ကရနေရာများ ဖြစ်သည့် ကမ်းနားလမ်းရှိ မြို့တော်ဥယျာဉ်၊ ပုသိမ်ကြီးမြို့နယ်ရှိ အပန်းဖြေစခန်းများ၊ အမရပူရမြို့နယ်ရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့တွင်လည်း ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။ **မောင်အေးချမ်း**



## ဒီပင်္ကရာမြတ်စွာဘုရားကြီးအား ပင့်ဆောင်၍ သံဃာတော်အပါး ၁၅၀ ကျော် ကြံခင်းမြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီအပူဇော်ခံကြွချီ

**ကြံခင်း နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်လုံးဆိုင်ရာ ဒီပင်္ကရာမြတ်စွာဘုရားကြီးအားပင့်ဆောင်၍ သံဃာတော်အပါး ၁၅၀ ကျော်တို့သည် ကြံခင်းမြို့ပေါ်ရပ်ကွက်များသို့ ယနေ့နံနက် အရုဏ်တက်အချိန်မှစ၍ ဒေသစာရီအပူဇော်ခံကြွချီလျက်ရှိသည်။

အဆိုပါကြွချီရာလမ်းတစ်လျှောက်ရှိ ရပ်ကွက်အသီးသီးမှ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းအမျိုးမျိုးတို့ကို သဒ္ဓါတရားဖြူစင်စွာဖြင့် လောင်းလှူကြသည်။ (၂၀၉) ကြိမ်မြောက် ဒီပင်္ကရာမြတ်စွာဘုရား ဘုရားပွဲတော်နှင့် ကျွဲအကအလှဖျော်ဖြေပွဲများကို နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ညစဉ် ၈ နာရီမှစ၍ ပြည့်စုံမောင်၊ စံပြမောင်၊ နတ်ခတ်မောင်၊ တိုင်းချစ်မောင်၊ တိုင်းကျော် ပြည်ကျော်၊ ခေတ်ရွှေမောင်၊ မြို့သစ်မောင်ကျွဲအဖွဲ့တို့က ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများအား တစ်ညလျှင် နှစ်ဖွဲ့စီ တေးသရုပ်ဖော်ကပြဖျော်ဖြေပေးလျက်ရှိကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

## ဘိုကလေးမြို့နယ်လုံးဆိုင်ရာ (၃၈)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော် (တတိယနေ့) စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

**ဘိုကလေး နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်အား နှစ်စဉ်အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာကျင်းပရာ ယခုနှစ် (၃၈)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော် တတိယနေ့လှည့်လည်အပူဇော်ခံပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညနေ ၆ နာရီတွင် စတင်ကျင်းပသည်။

တတိယနေ့ကျင်းပရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုနှင့်အတူ ဘုရားပွဲကျင်းပရေးဗဟိုအဖွဲ့နှင့် မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်၊ ဘုရားချောင်းကျေးရွာ၊ ကွင်းဝိုင်းကျေးရွာနှင့် ကုလားကြီးချောင်းကျေးရွာ အစရှိသည့် ရပ်ကွက်/ကျေးရွာ ၁၄ ဖွဲ့မှ တစ်ဖွဲ့လျှင် နှစ်ဆူနှုန်းဖြင့် နှစ်ကျိပ်ရှစ်ဆူမြတ်ဘုရားများအား ဥပသကာဂေါပကများက ပင့်ဆောင်ကာ မြို့လယ်ကျက်သရေဆောင် အောင်တော်မူဘုရားကြီးရှေ့ စုရပ်မှ မင်္ဂလာစည်တော်နှင့်အတူ ဒုတိယလမ်းတစ်လျှောက်မှ တောင်ဘက်သို့ (၉) ဖြတ်လမ်းအထိ၊ (၉) ဖြတ်လမ်းမှ အမှတ်(၄)ရပ်ကွက် (၆) လမ်းတို့မှ အမှတ် (၁) ရပ်ကွက်နှင့် (၂) ရပ်ကွက်အတွင်းသို့ ဒေသစာရီ ကြွချီအပူဇော် ခံသည်။



ကြွချီရာ လမ်းတစ်လျှောက်တွင် ဘုရားဒါယကာ ဒါယိကာမများက မြတ်ဘုရားများအား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းခဲ့ကြပြီး ဥပသကာဂေါပကများကို အာဟာရဒါနများ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။

မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ ရက်ထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

## မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ ဆွမ်းအိုးမျှောကပ်လှူပွဲကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၁၅**

မွန်ပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ တန်ခိုးကြီးဘုရားများ၏ ဗုဒ္ဓပူဇနိယပွဲတော်များကို နှစ်စဉ်အစဉ်အလာမပျက် စည်ကားသိုက်မြိုက်



စွာကျင်းပလျက်ရှိရာ အဖိတ်နေ့နှင့် လပြည့်နေ့တို့တွင် ဆီမီးများ ထွန်းညှိပူဇော်ခြင်း၊ တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်တက်ချိန် ရှင်ဥပဂုတ္တမထေရ်မြတ်အား ဆွမ်းအိုးမျှောကပ်လှူပူဇော်ခြင်းနှင့် ဘုရားဖူးပြည်သူများအား အာဟာရဒါနစတုဒိသာများဖြင့် ရပ်ကွက်နှင့် ကျေးရွာလမ်းများ၊ တောင်ရိုးတန်းတစ်လျှောက်တွင် ဧည့်ခံကျွေးမွေးခြင်းဖြင့် ကုသိုလ်ယူကြသည်။

မွန်ပြည်နယ်ရှိ တန်ခိုးကြီးဘုရားများဖြစ်သည့် ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီး၊ ကျိုက်သလ္လံစေတီတော်မြတ်ကြီး၊ ကျိုက္ခမီရေလယ်ဆံတော်ရှင်မြတ်ကြီး အစရှိသည့် ဘုရားပုထိုးစေတီများတွင် ရပ်နီးရပ်ဝေးမှ ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ ကုသိုလ်ဘာဝနာတရားပွားများနာယူလျက်ရှိကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ဘားအံမြို့ကျိုက်သရေဆောင် သေဠမာရ်အောင်ဘုရားကြီးအား မသိုးသင်္ကန်းဆက်ကပ်လှူဒါန်း



**ဘားအံ နိုဝင်ဘာ ၁၅**

ကရင်ပြည်နယ် ဘားအံမြို့ကျိုက်သရေဆောင် သေဠမာရ်အောင်ဘုရားကြီး၌ ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလပြည့် သာမညဖလ အခါတော်နေ့ (နိုဝင်ဘာ ၁၅ ရက်) နံနက် ၅ နာရီက အဆိုပါဘုရားကြီး ဂန္ဓကုဋိတိုက် ပရိဝုဏ်အတွင်း၌ ဆင်ယင်ကျင်းပသည်။

## ကိုးပါးသီလခံယူ ဆောက်တည်

မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီးတို့က သေဠမာရ်အောင်ဘုရားကြီးအား ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်ပြီး အခမ်းအနားကိုနမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဧည့်ပရိသတ် အပေါင်းတို့က သေဠမာရ်အောင်ဘုရားကြီး ဩဝါဒါစရိယဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇာနန္ဒ ထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ပြည်နယ်သံဃနာယကအဖွဲ့(မူလဒွါရ) အမိတာရာမရဲကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရက မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းရခြင်း၏ အကျိုးကျေးဇူးဩဝါဒကထာကို ချီးမြှင့်တော်မူပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သေဠမာရ်အောင်ဘုရားကြီး ဩဝါဒဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဂန္ဓကုဋိတိုက်အတွင်း ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ငွေကျပ် ၅၇ သိန်း ၅ သောင်းတန်ဖိုးရှိ ပန်ကာ ၁၂ လုံးတို့ကို တပ်ဆင်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

## မသိုးသင်္ကန်းဆက်ကပ်လှူဒါန်း

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့နှင့် ဥပါသကာတာဝန်ရှိသူများက သေဠမာရ်အောင်ဘုရားကြီးအား မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းမှ သင်တန်းသူများက နိုဝင်ဘာ ၁၄ ရက် ညနေ ၄ နာရီခွဲမှစ၍ ရက်ကန်းစင်နှစ်စင်ဖြင့် မသိုးသင်္ကန်းကို ရက်လုပ်ပူဇော်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက ဂုဏ်ပြုဆုငွေများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## မုံရွာမြို့ ရာပြည့်ကပ်ကျော်စေတီတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်လေးဆူအား မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း

**မုံရွာ နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မုံရွာမြို့ ရာပြည့်ကပ်ကျော်စေတီတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်လေးဆူအား မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက်ပိုင်းတွင် မုံရွာမြို့ ရာပြည့်ကပ်ကျော် စေတီတော် ကြီး၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဆက်ကပ်ပူဇော်မည့် မသိုးရွှေကြာသင်္ကန်းတို့အား ကပ်လှူပူဇော်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က အနောက်အရပ်ရှိ ကဿပဘုရားရှင် ရုပ်ပွားတော်မြတ်အား မသိုးရွှေကြာသင်္ကန်းကို ဝတ်ရုံသပ္ပာယ်တော်မူကာ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက အရှေ့ အရပ်၊ တောင်အရပ်နှင့် မြောက်အရပ်တို့ရှိ ကဿပ ဘုရားရှင်ရုပ်ပွားတော်မြတ်များအား မသိုးရွှေကြာသင်္ကန်းများ ဝတ်ရုံသပ္ပာယ်တော်မူကြသည်။

ဆက်လက်ပြီး ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ က အရဟံဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပင့်သံဃာဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တတိယအကြိမ်သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပွဲအခမ်းအနားကို ရာပြည့်ကပ်ကျော်စေတီတော်မြတ်ကြီးရှိ အရှေ့ဘက်ကန်သာယာတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များနှင့် လုပ်ငန်းရှင်များက သံဃာတော်အပါး ၁၀၀၀ နှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

အဆိုပါ တတိယအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားတွင် မုံရွာခရိုင်အတွင်းရှိ ချောင်းဦးမြို့နယ်၊ အရာတော်မြို့နယ်၊ ဘုတလင်မြို့နယ်၊ မုံရွာမြို့နယ်တို့မှ ဆရာတော်၊ သံဃာတော်အပါး ၈၉၀ နှင့် သီလရှင်ဆရာကြီး၊ ဆရာလေးအပါး ၁၁၀ အား ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တောင်ကြီးမြို့၌ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲနှင့် စူဠာမုနိလောကချမ်းသာစေတီတော်ဘက်စုံပြင်ဆင်မှုအောင်ပွဲ ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၁၅**

တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်တွင် မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၄ ရက် ညနေ ၅ နာရီက တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော်ရင်ပြင်၌ ကျင်းပသည်။

## ကြည့်ရှုအားပေး

မသိုးသင်္ကန်းရက်လုပ်ပွဲကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် ဓမ္မဓိဋ္ဌာစင်တော်၊ ဂေါတမီစင်တော်၊ သုဇာတာစင်တော်၊ သာမာဝတီစင်တော်၊ ဥပ္ပလဝဏ်စင်တော်တို့ဖြင့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းသူများက မသိုးသင်္ကန်း ရက်လုပ်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများသည် ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့က ကိန္နရီ၊ ကိန္နရာ၊ တိုးနယားအကများဖြင့် ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။

ယင်းနောက် နိုဝင်ဘာ ၁၅ ရက် နံနက် ၄ နာရီက တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ဦးဆောင်၍ စူဠာမုနိဘုရား တစ်ပတ်လှည့်လည်ပြီး စေတီအတွင်းရှိ ရုပ်ပွားတော်လေးဆူအား မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စူဠာမုနိလောကချမ်းသာစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညိုလုံးက စေတီတော်ဘက်စုံပြင်ဆင်မှုနှင့် စပ်လျဉ်း၍ တင်ပြလျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တောင်ကြီးမြို့ ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သိမ်တောင်ပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တတေဇဝန္တထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာယူ ကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော် သံဃာတော်များအား အရဟံဆွမ်းဆက်ကပ် ခဲ့ကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပဲခူးမြို့ တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပဲခူး နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ပဲခူးမြို့ မဟာတန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို နိုဝင်ဘာ ၁၄ ရက်ညပိုင်းတွင် ရွှေမော်ဓော ဘုရားလမ်း ယာဉ်ရပ်နားကွင်း၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတန်ဆောင်တိုင်ပွဲတော်စာတန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်၊ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးနှင့် မြို့မိ/မြို့ဖ များက တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင် ပူဇော်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍"ပဲခူး" ဟု စာတန်းဖော်ထားသည့် ရောင်စုံမီးပုံးပျံအသေး ၁၅၀၀၊ နေ့လွှတ်အရုပ်မီးပုံးပျံ ၁၀ လုံးနှင့် မီးပုံးပျံအကြီး ခြောက်လုံးတို့ကို စတင်၍ လွှတ်တင်ပူဇော်ခဲ့ကြသည်။ ယင်းနောက် ပဲခူး တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲသို့ လာရောက်ကြသည့် ဧည့်ပရိသတ်များအား နိုင်ငံကျော်အဆိုတော်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ရွှေမော်ဓောဘုရားလမ်းတစ်လျှောက် တန်ဆောင်တိုင်ပွဲတော် ကာလအတွင်း MSMEs ထုတ်ကုန် အရောင်းဆိုင်ခန်းများ၊ လူသုံးကုန်အရောင်းဆိုင်များ၊ မုန့်ဈေးတန်းများ၊ ပျော်ပွဲရွှင်ပွဲများ၊ တေးဂီတဖျော်ဖြေပွဲများ၊ ကလေးကစားကွင်းများ၊ အလှဓာတ်ပုံရိုက်ရန် Photo Booth များတွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ဆိပ်ဖြူမြို့နယ်၌ ရွှေမင်းဝန်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်း၊ စာရေးတံမဲနှင့် ငွေပဒေသာပင်ဆက်ကပ်လှူဒါန်းပွဲကျင်းပ

**ဆိပ်ဖြူ နိုဝင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျက်သရေဆောင် ရွှေမင်းဝန်စေတီတော်မြတ်ကြီး၏ (၁၈၃) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်း၊ စာရေးတံမဲနှင့် ငွေပဒေသာပင် ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

ဆိပ်ဖြူမြို့နယ် ကျက်သရေဆောင် ရွှေမင်းဝန် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်း၊ စာရေးတံမဲနှင့် ငွေပဒေသာပင် ဆက်ကပ်လှူဒါန်းပွဲကို နယ်မြေခံတပ်နယ်မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ၊ ဈေးသူဈေးသားများနှင့် ရန်ကုန်အသင်း (ဆိပ်ဖြူ) တို့ စုပေါင်း၍ ဆွမ်းစာရေးတံမဲ ၁၉ မဲအား စုပေါင်းဆက်ကပ်လှူဒါန်းခြင်းဖြစ်သည်။ အလှူရှင်များ၏ ဆွမ်း၊ စာရေးတံမဲများကို တပ်မမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က မဲနှိုက်၍ ဆရာတော်၊ သံဃာတော်များထံသို့ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ရွှေမင်းဝန် စေတီတော်မြတ်ကြီးအား လှည့်လည်ပူဇော်ကာ အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

# မြစ်ကြီးနားမြို့၌ တန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မြစ်ကြီးနား နိုဝင်ဘာ ၁၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ယနေ့ညနေ ၅ နာရီက တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲအခမ်းအနားနှင့် ဆီမီးထွန်းညှိပူဇော်ခြင်း၊ ရှင်ဥပဂုတ္တမထေရ်ဖောင်အား ဆီမီး ၂၀၀၀၀ ဖြင့် ရေမျှောပူဇော်ပွဲတို့ကို အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

မြစ်ကြီးနားမြို့ ဇရာရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် လောကမာန်အောင် ဆုတောင်းပြည့်စေတီတော်၌ တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ကချင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ကျင်းပသည်။ အခမ်းအနားသို့ ဘုရားဖူးလာရောက်သူများ၊ ကုသိုလ်ကောင်းမှုပြုသူများ၊ ဈေးဆိုင်ခန်းငယ်များဖြင့် အထူးစည်ကားလျက်ရှိသည့်အပြင် ဧရာဝတီမြစ်ဆိပ်၌လည်း ရှင်ဥပဂုတ္တမထေရ်မြတ်ဖောင်တော်အား ဆီမီး ၂၀၀၀၀ ထွန်းညှိပူဇော်ပြီး ရေမျှောပူဇော်ခြင်းကို ဒေသခံပြည်သူအများအပြား ပါဝင်ဆင်နွှဲ၍ ကောင်းမှုကုသိုလ်ပြုကြသည်။

ထို့အပြင် ညပိုင်းတွင်လည်း ရုံးကြီးလမ်းနှင့် ကမ်းနားလမ်းဆုံရှိဧရာဝတီမြစ်ကမ်းပါး၌ တန်ဆောင်တိုင်ပွဲတော်ကို ကချင်မျိုးနွယ်စု၊ ရှမ်းမျိုးနွယ်စုနှင့် ဗမာတိုင်းရင်းသားရိုးရာအကအလှများဖြင့် ကျင်းပလျက်ရှိသည့်အပြင် မြစ်ကြီးနားမြို့ မင်းရပ်ပြည်သူ့ရင်ပြင်နှင့် ဇရာဦးပန်းခြံတို့တွင်လည်း ရောင်စုံမီးအလှများ ထွန်းညှိပူဇော်ထားရှိပြီး ပြည်သူ့ရင်ပြင်၌ ဒေသခံ တိုင်းရင်းသားအဆိုရှင်များ၏ စင်တင်တေးဂီတအစီအစဉ်ဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




**❂ တန်ဆောင်တိုင်မှ**

ဦးစွာ ညနေပိုင်းတွင် MSME လုပ်ငန်းများနှင့်ဆက်စပ်သည့် ဈေးဆိုင်ခန်းများနှင့် အထူး Promotion အနေဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ငါးနှင့်ငါးထွက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချနေမှုကို ပြည်သူများက လာရောက်ဝယ်ယူကြသည်။

ညပိုင်းတွင် နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများ၊ ဒီဂျေများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ လူငယ်လူရွယ်များက ကြည့်ရှုအားပေး၍ ပျော်ရွှင်စွာဖြင့် အတူလိုက်ပါသီဆိုကခုန်ခြင်းများဖြင့် ပျော်ရွှင်စွာဆင်နွှဲကြသည်။

ထိုသို့မီးပုံးပျံလွှတ်တင်မှုနှင့်အတူအလှဆင်မီးများဖြင့် အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ သီတာထွန်းအမည်ရှိဆင်မကြီးနှင့် အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဈေးနှုန်းချိုသာစွာဖြင့် ကွင်းတစ်ပတ်ဆင်စီးခြင်းများဖြင့် ပြည်သူများ ပျော်ရွှင်စွာဆင်နွှဲကြသည်။

မီးထွန်းပွဲနှင့်ဈေးရောင်းပွဲတော်သို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက လာရောက်ကြည့်ရှုအားပေးကြပြီး ဈေးရောင်းချနေမှုများနှင့် ဈေးဝယ်လာသူများ၊ ပွဲတော်သို့ လာရောက်လည်ပတ်ကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကိုယ်တိုင်လည်းဝယ်ယူအားပေးကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# မြဝတီမြို့ ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်း

**မြဝတီ နိုဝင်ဘာ ၁၅**

ကရင်ပြည်နယ် မြဝတီမြို့ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီးတွင် မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ယနေ့နံနက် ၆ နာရီက အဆိုပါ စေတီတော်မြတ်ကြီး ဓမ္မဗိမာန်တော်အတွင်း၌ ကျင်းပသည်။




**ဆက်ကပ်လှူဒါန်း**

ဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မြဝတီမြို့ မြသုခတပ်ဦးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာ အရှင်ပညာနန္ဒနှင့် ဆရာတော်၊ သံဃာတော်များက နမောတဿ သုံးကြိမ်ရွတ်ဆိုကာ ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ မြဝတီမြို့ မြသုခ တပ်ဦးကျောင်းတိုက်ဆရာတော်ကြီးက မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းရခြင်း အကျိုးတရားကို ဟောကြားတော်မူပြီး စေတီတော်မြတ်ကြီးအား ရည်မှန်းကုသိုလ်ပြုကာ ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အာဟာရဒါနအရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

# မူဆယ်မြို့၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ပထမအကြိမ် နိဗ္ဗာန်ဈေးပွဲတော် ကျင်းပ

**မူဆယ် နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ပထမအကြိမ် နိဗ္ဗာန်ဈေးပွဲတော်ကို မြို့အဝင်မီးပွိုင့်အနီး ရဟတ်ယာဉ်ကွင်း၌ ယနေ့ ညနေ ၅ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ဧည့်ခံကျွေးမွေး**

ဦးစွာ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ပထမအကြိမ် နိဗ္ဗာန်ဈေးပွဲတော်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမိုးမြင့်ထွန်း၊ မူဆယ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ တန်ဆောင်မုန်းလပြည့်နေ့ နိဗ္ဗာန်ဈေးပွဲတော်၌ ရခိုင်မုန့်တီ၊ မုန့်လင်မယား၊ ကြာဆံဟင်းခါး၊ လက်ဖက်ရည်၊ မုန့်ပေါင်မုန့်၊ အအေး၊ ကောက်ညှင်းပေါင်း၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ သစ်သီးစုံဘူး၊ နို့သာကူ၊ ပေါက်စီ၊ တို့ဟူးခေါက်ဆွဲ၊ ကြက်ဥကြာဆံကြော်၊ ကြက်ဥခေါက်ဆွဲ၊ သဘော်သီးထောင်း၊ ကျောက်ကျော+အချိုရည်၊ ကြက်၊ ဝက်၊ ငါး၊ သက်သတ်လွတ်၊ မုန့်ညင်းစော၊ ဟမ်ဘာဂါ၊ ငှက်ပျောကောက်ညှင်းထုပ်စသည့် အမျိုးပေါင်း ၁၀၀ ကျော်ရှိ ဒေသရိုးရာအစားအစာများကို ဧည့်ခံကျွေးမွေးသည်။

ဈေးပွဲတော်၌ မီးပုံးပျံအကြီး၊ မီးပုံးပျံအသေးများလွှတ်တင်ခြင်း၊ ပျော်ပွဲရွှင်ပွဲများဖြင့် တိုင်းရင်းသားလူမျိုးစု ညီအစ်ကိုမောင်နှမများအားလုံး စည်းကမ်းတကျဖြင့် ပျော်ရွှင်အေးချမ်းသာယာစွာ ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် တန်ဆောင်မုန်းလပြည့်နေ့တွင် မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက ဦးဆောင်၍ မူဆယ်မြို့အနီးပတ်ဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်း ၂၀ ရှိ သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

မူဆယ်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် မြို့ပေါ်ရပ်ကွက်အလိုက် ကထိန်သင်္ကန်းများ ကပ်လှူရန် ပဒေသာပင်များ မြို့တွင်းလှည့်လည်ပူဇော်ခြင်း၊ အကပဒေသာများဖြင့် လှည့်လည်ဖျော်ဖြေ၍ မူဆယ်မြို့၌ အေးချမ်းသာယာစည်ကားလျက်ရှိကြောင်းနှင့် ညမီးရှူးမီးပန်းများပစ်လွှတ်ခြင်းနှင့် မီးပုံးပျံလွှတ်ရာတွင် ပြည်သူ ၂၀၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ချယ်ရီမြေ(မူဆယ်)





## တပ်ကုန်းမြို့ တန်ဆောင်တိုင်ပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်တွင် နွားလှည်းယဉ်ကျေးပြိုင်ပွဲ ကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ်၌ ရိုးရာပွဲတော်ကို ဖော်ထုတ်မြှင့်တင်အားပေးခြင်းဖြင့် တပ်ကုန်းမြို့ တန်ဆောင်တိုင်ပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့အားကစားကွင်းဝင်းအတွင်း၌ နွားလှည်းယဉ်ကျေးပြိုင်ပွဲကို နံနက်နှင့် ညနေပိုင်း နှစ်ချိန်ခွဲကာ စည်ကားစွာကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နေပြည်တော် MSME အသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ် MSME အသင်းဥက္ကဋ္ဌ ဦးမောင်မောင်နုနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်လှည်းမောင်းသမားများနှင့် အလှမယ်များ၊ ဒိုင်အဖွဲ့များ၊ ကြီးကြပ်သူများ၊ ဒေသခံပြည်သူများ၊ ရပ်ဝေးရပ်နီးမှ ပွဲလာပရိသတ်များ ကြည့်ရှုသူ စုစုပေါင်းငါးထောင်ကျော် ပါဝင်ဆင်နွှဲ၍ နွားလှည်းယဉ်ကျေး အစီးပေါင်း ၃၀ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

တပ်ကုန်းမြို့ တန်ဆောင်တိုင်ပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်၌ ညပိုင်းတွင် နိုင်ငံကျော်အဆိုတော် စတိတ်ကားဖြင့် လှည့်လည်ဖျော်ဖြေမည်ဖြစ်ကြောင်းနှင့် နွားလှည်းယဉ်ကျေးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

တင်စိုးလွင်

## ကျောင်းကုန်းမြို့၌ တန်ဆောင်မုန်းလပြည့်နေ့ည ဘုရားဖူးပြည်သူများဖြင့်စည်ကား

**ကျောင်းကုန်း နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မြို့ကျက်သရေဆောင် မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီး ရှေးဟောင်းသမိုင်းဝင် မိုဃ်းကောင်းဘုရားကြီးနှင့် သုခပြည့်စုံဘေးရန်လုံစေတီတို့တွင် ယနေ့ တန်ဆောင်မုန်းလပြည့်နေ့ညတွင် ဆီမီးထွန်းညှိပူဇော်သည်။

**ဆီမီးပူဇော်**

ယနေ့ တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့) ဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ အထွတ်အမြတ်နေ့တစ်နေ့ ဖြစ်သည်နှင့်အညီ ဘုရားစေတီပုထိုးများ၌ ဆီမီးထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံများလွှတ်တင်၍ ဆီမီးပူဇော်ခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)





## မွန်ရိုးရာဆီမီးထွန်းညှိပူဇော်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၅**

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)ကကြီးမှူး၍ နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း မွန်ရိုးရာဆီမီးထွန်းညှိပူဇော်ပွဲကို ကျင်းပလျက်ရှိရာ ယနေ့ တန်ဆောင်မုန်းလပြည့်နေ့ညတွင် ရန်ကုန်တိုင်းဒေသကြီးရှိမြို့နယ်အသီးသီးမှ မွန်ရပ်မိရပ်ဖများ၊ မွန်လူငယ်မောင်မယ် ၂၀၀ ခန့်တို့သည် မွန်ရိုးရာဝတ်စုံများဝတ်ဆင်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ကာ စေတီတော်ကြီး၏ သောကြာထောင့်တွင် စုပေါင်းဘုရားရှိခိုးပြီး စေတီတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်ကြကြောင်း သိရသည်။ မျိုးမင်းသူရ

## အိမ်မဲမြို့ ရှင်ပင်ချမ်းသာကြီးရုပ်ရှင်တော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိ

**အိမ်မဲ နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ချောင်းဝပိုင်း(၁)လမ်းတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော အိမ်မဲမြို့တည်သမိုင်းဝင် ရှင်ပင်ချမ်းသာကြီးဘုရားတွင် တန်ဆောင်မုန်းလပြည့်နေ့ ညနေ ၅ နာရီမှ စတင်ပြီး ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ဘုရားဖူးလာပြည်သူများက ပန်း၊ ဆီမီး၊ ရေချမ်းနှင့် လှူဖွယ်ဝတ္ထုများ ကပ်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

ချစ်သက်လယ်(အိမ်မဲ)





## ပင်းတယမြို့၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးဧည့်သည်များဖြင့်စည်ကား

**ပင်းတယ နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ရပ်နီးရပ်ဝေးမှ ဘုရားဖူးများ၊ လာရောက်လည်ပတ်သူ ဧည့်သည်များဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ယနေ့ တန်ဆောင်မုန်းလပြည့်နေ့တွင် လိုဏ်ဂူတော်အတွင်း ဘုရားစေတီအဆူပေါင်း ၈၀၉၄ ဆူရှိသည့် ရှေးဟောင်းသမိုင်းဝင် သဘာဝရွှေဥမင်လိုဏ်ဂူတော်ဘုရားကြီး ကုံလုံစဥ့်စံကျောင်းတော်နှင့် အထင်ကရတန်ခိုးကြီးဘုရားစေတီတော်များတွင် ရပ်နီးရပ်ဝေးမှ ဘုရားဖူးဧည့်သည်များ၊ လာရောက်လည်ပတ်အပန်းဖြေကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်းနှင့် ပင်းတယမြို့နယ်တွင် စုပေါင်းမဟာဘုံကထိန်ပွဲတော်များကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

အောင်ကိုဦး(ပြန်/ဆက်)

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆောင်းပါး

# အားလုံးသက်ရှည်ကျန်းမာဖို့ ဆီးချိုကာကွယ်ထိန်းသိမ်းလို့ ပူးပေါင်းလက်တွဲဆောင်ရွက်စို့

ပါမောက္ခဒေါက်တာကိုကို (စီမံချက်မန်နေဂျာ၊ ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးစီမံချက်)



### ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားမှုအခြေအနေ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကိန်းဂဏန်းများအရ ယခုအခါ ကမ္ဘာပေါ်တွင် ဆီးချို သွေးချိုရောဂါဖြစ်ပွားသူ ၄၂၂ သန်းရှိပြီး အများစုမှာ ဝင်ငွေအသင့်အတင့်နှင့် ဝင်ငွေနည်းသော တိုင်းပြည်များတွင် နေထိုင်ကြသည်ကို တွေ့ရပါသည်။

လူ ၁၀ ဦးလျှင် တစ်ဦးမှာ ဆီးချိုသွေးချိုရောဂါဖြစ်ပွားနေသည်ကို တွေ့ရှိရပြီး ၎င်းတို့အနက် ထက်ဝက်နီးပါးခန့်သည် မိမိတွင် ဆီးချိုသွေးချိုရောဂါဖြစ်ပွားနေသည်ကို မသိရှိကြကြောင်း အံ့သြဖွယ်တွေ့ရှိရပါသည်။ တစ်နှစ်လျှင် လူဦးရေ ၁ ဒသမ ၅ သန်းသည် ဆီးချိုသွေးချိုရောဂါကြောင့် သေဆုံးနေကြရပြီး လွန်ခဲ့သော ဆယ်စုနှစ်များမှစ၍ ဆီးချိုဖြစ်ပွားနေသူနှင့် ဆီးချိုဖြစ်ပွားနိုင်ခြေရှိသူဦးရေများပြားလာသည်ကိုလည်း တွေ့ရှိရပါသည်။

၂၀၁၉ ခုနှစ် သုတေသနပညာရှင်များ၏ ဒေသတွင်းကောက်ယူခဲ့သော စာတမ်းများမှ တွက်ချက်ဆန်းစစ်မှု(Meta-analysis)အရ အရှေ့တောင်အာရှဒေသတွင် ကိုယ်ဝန်ဆောင်မိခင် ငါးဦးတွင် တစ်ဦးသည် ကိုယ်ဝန်ဆောင်ဆီးချို(Gestational diabetes) ရှိသည်ကို တွေ့ရပါသည်။ ကိုယ်ဝန်ဆောင်ဆီးချိုကြောင့် မိခင်နှင့် ကလေးသေဆုံးမှုမြင့်မားစေသည့်အပြင် မွေးဖွားပြီးမိခင်များသည်လည်း နောင်ဆီးချိုဖြစ်လာမည့် အလားအလာပိုများပြီး မွေးလာမည့်ကလေးသည်လည်း ကြီးပြင်းလာသည့်အခါ အဝလွန်ခြင်း၊ ဆီးချိုရောဂါဖြစ်နိုင်ခြေ ပိုမိုများပြားခြင်းတို့ကို တွေ့ရှိရပါသည်။

### မြန်မာနိုင်ငံ၏ ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားမှုအခြေအနေ

၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သော STEPS Survey အစီရင်ခံစာအရ အသက် (၂၅-၆၅) နှစ်အရွယ်အတွင်း ဆီးချိုသွေးချိုရောဂါဖြစ်ပွားနေသူ ၁၀ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး Prediabetes ဟုခေါ်သော ကနဦးဆီးချိုအဆင့်သည် ပြည်သူ ၁၉ ဒသမ ၇ ရာခိုင်နှုန်း (ငါးဦးလျှင် တစ်ဦး) ဖြစ်ပွားနေသည်ကို တွေ့ရပါသည်။ ထို့အပြင် သွေးတိုးရောဂါဖြစ်ပွားနေသူ ၂၆ ရာခိုင်နှုန်း၊ သွေးတွင်းအဆီဓာတ်များနေသူ ၃၆ ဒသမ ၇ ရာခိုင်နှုန်း၊ ဆေးလိပ်/ဆေးရွက်ကြီးသုံးစွဲသူ ၅၄ ဒသမ ၄ ရာခိုင်နှုန်းနှင့် အဝလွန်ကဲသူ ၂၂ ဒသမ ၄ ရာခိုင်နှုန်း ရှိနေသည်ကို တွေ့ရှိရပါသည်။

ဆီးချိုသွေးချိုရောဂါ၏ နောက်ဆက်တွဲရောဂါများနှင့် မကူးစက်နိုင်သောရောဂါများဖြစ်သည့် လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိကွယ်ခြင်း၊ ခြေထောက်ဖြတ်ရခြင်း၊ ကင်ဆာရောဂါ စသည်တို့ ပိုမိုဖြစ်ပွားလာသည်ကို တွေ့ရှိရပါသည်။ ထိုရောဂါများ ခံစားနေကြရ၍ ဝေဒနာရှင်များသည် အရွယ်မတိုင်မီ သေဆုံးရခြင်း၊ ဒုက္ခိတဖြစ်ခြင်း၊ အလုပ်မလုပ်နိုင်တော့ခြင်း စသော ဆိုးကျိုးများကြုံတွေ့ရပါသည်။ ဝေဒနာရှင်များ၏ မိသားစုတိုင်းတွင် လူနာကို ကုသရသော စရိတ်ကုန်ကျမှုနှင့်ဆက်စပ်ပြီး လူမှုစီးပွားဒုက္ခများ ခံစားကြရရုံသာမက နိုင်ငံတော်အနေဖြင့်လည်း ဆေးကုသစရိတ်များကြောင့် တိုင်းပြည်ဝင်ငွေ မြောက်မြားစွာ ဆုံးရှုံးလျက်ရှိပါသည်။

### ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းများ

အဆိုပါ ဆီးချိုသွေးချိုရောဂါနှင့် မကူးစက်နိုင်သော ရောဂါများဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းများမှာ ကျန်းမာရေးနှင့်မညီညွတ်သော နေထိုင်စားသောက်မှုပုံစံများဖြစ်သည့် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်းများ၊ အဆီနှင့် အချို အလွန်အမင်းစားသုံးခြင်းတို့ကြောင့် ဖြစ်ကြပါသည်။ ထိုရောဂါများ မဖြစ်ပွားစေရန် တစ်ဦးချင်းအနေဖြင့် မိမိတို့၏ အစားအသောက် အနေအထိုင် အပြုအမူများကို ကျန်းမာရေးနှင့်ညီညွတ်သော ပုံစံများဖြစ်အောင် ပြောင်းလဲနေထိုင်ရန် အထူးလိုအပ်ပါသည်။

> **❛ ဆီးချိုသွေးချိုရောဂါနှင့် မကူးစက်နိုင်သော ရောဂါများဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းများမှာ ကျန်းမာရေးနှင့်မညီညွတ်သော နေထိုင်စားသောက်မှုပုံစံများဖြစ်သည့် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်းများ၊ အဆီနှင့် အချို အလွန်အမင်းစားသုံးခြင်းတို့ကြောင့် ဖြစ်ကြပါသည်။ ထိုရောဂါများမဖြစ်ပွားစေရန် တစ်ဦးချင်းအနေဖြင့် မိမိတို့၏ အစားအသောက် အနေအထိုင် အပြုအမူများကို ကျန်းမာရေးနှင့်ညီညွတ်သောပုံစံများဖြစ်အောင် ပြောင်းလဲနေထိုင်ရန် အထူးလိုအပ် ❜**

ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသောအစာများ စားသုံးခြင်းကို ရှောင်ကြဉ်ခြင်း၊ အာဟာရပြည့်ဝမျှတစွာ ချင့်ချိန်စားသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ခြင်း၊ ကျန်းမာစေသော လူနေမှုအလေ့အကျင့်များဖြင့် နေထိုင်ခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကို ရှောင်ကြဉ်ခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်းကို ရှောင်ကြဉ်ခြင်း၊ အဝမလွန်စေရန် ထိန်းသိမ်းခြင်း၊ ဆီးချိုသွေးချိုနှင့်ဆက်နွယ်နေသော ရောဂါများ မဝင်နိုင်စေရန် သွေးပေါင်ချိန်၊ သွေးတွင်းအဆီဓာတ်၊ ကျောက်ကပ်ဓာတ်များ ပုံမှန်ဖြစ်အောင် စစ်ဆေးထိန်းသိမ်းခြင်း၊ နှလုံး၊ မျက်စိ ပုံမှန်စစ်ဆေးခြင်းနှင့် သမားတော်၊ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများနှင့် မကြာခဏတွေ့ဆုံ၍ ဆီးချိုသွေးချိုပြုစုစောင့်ရှောက်ကုသမှုများကို ခံယူခြင်းဖြင့် ဆီးချိုသွေးချိုရောဂါနှင့် ယင်း၏ နောက်ဆက်တွဲရောဂါများ မဝင်ရောက်နိုင်အောင် ဟန့်တားကာကွယ်နိုင်ပါသည်။ အထက်တွင် တင်ပြခဲ့သည့်အချက်များကို သိရှိလိုက်နာခြင်းဖြင့် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှုကို ၈၀ ရာခိုင်နှုန်းခန့် ကာကွယ်နိုင်ကြောင်း သုတေသနစာတမ်းများတွင် ဖော်ပြထားပါသည်။

### ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ထိန်းသိမ်းရေးနေ့အကြောင်း သိကောင်းစရာ

တစ်စတစ်စကြီးထွားလာသော ဆီးချိုသွေးချိုရောဂါအန္တရာယ် ခြိမ်းခြောက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါထိန်းသိမ်းရေးနေ့ကို ၁၉၉၁ ခုနှစ်မှစ၍ ကျင်းပခဲ့ပါသည်။ ဆီးချိုသွေးချိုရောဂါ ကုထုံးတစ်ခုဖြစ်သည့် အင်ဆူလင်ဆေးကို ၁၉၂၂ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပါသည်။ ကနေဒါသမားတော်ကြီး ဆာဖရက်ဒီရစ်ဘင်တင်း (Sir Frederick G Banting) ကို ဂုဏ်ပြုသောအားဖြင့် ၎င်း၏ မွေးနေ့ဖြစ်သည့် နိုဝင်ဘာလ ၁၄ ရက်နေ့ကို ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ (World Diabetes Day) အဖြစ် သတ်မှတ်ခဲ့ကြပါသည်။

အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါအဖွဲ့ချုပ်ကြီး (IDF)က နိုဝင်ဘာလကို ဆီးချိုသွေးချိုရောဂါသတိပြုစေရေး လ (Diabetes Awareness Month)အဖြစ် သတ်မှတ်ပြီး ရောဂါတားဆီးကာကွယ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့တွင် ဆောင်ရွက်ကြပါသည်။ လူတိုင်းဆီးချိုသွေးချိုရောဂါဖြစ်ပွားနိုင်ခြေရှိမှုကို သတိပြုမိစေရေးအတွက် ဆီးချိုသွေးချိုမဖြစ်ပွားစေရေးနှင့် ဆီးချိုသွေးချိုရှိပါကလည်း နောက်ဆက်တွဲရောဂါများ မဝင်ရောက်စေရေးတို့ကို ဦးတည်ချက်ထားရှိ၍ ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။

ဆီးချိုသွေးချိုရောဂါနှင့် နီးနွယ်သော နောက်ဆက်တွဲရောဂါများ၏ ဆိုးကျိုးသက်ရောက်မှုများ၊ ရောဂါနှင့်ပတ်သက်သော မှန်ကန်သည့် သတင်းအချက်အလက်များ လက်လှမ်းမီစေရေး အချိန်မီကာကွယ်ကုသရေး စသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူလူထုအနေဖြင့် သေချာစွာသိရှိစေရေးအတွက် ကမ္ဘာ့ဆီးချိုသွေးချိုထိန်းသိမ်းရေးနေ့ အခမ်းအနားကို ကျင်းပခြင်းဖြစ်ပါသည်။ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ "Empowering Global Health"၊ "အားလုံးသက်ရှည်ကျန်းမာဖို့ ဆီးချို ကာကွယ်ထိန်းသိမ်းလို့ ပူးပေါင်းလက်တွဲဆောင်ရွက်စို့"ဟူ၍ ဖြစ်ပြီး ဆောင်ပုဒ်၏ ဆိုလိုရင်းမှာ ဆီးချိုသွေးချိုရောဂါရှိသူ တစ်ဦးချင်းစီသာမက ဆီးချိုသွေးချိုဝေဒနာရှင်အားလုံး၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူများအနေဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ပါသည်။ သို့မှသာ ကမ္ဘာလုံးဆိုင်ရာ ဆီးချိုသွေးချိုပြဿနာကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။

### နိုင်ငံတော်အစိုးရနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူလူထုအတွက် သင့်တင့်လျောက်ပတ်သော ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်ဖန်တီးပေးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များဖြစ်စေရန် ဆောင်ရွက်ခြင်း၊ ဆေးရွက်ကြီးနှင့် အရက်ယမကာများကို အခွန်တိုးမြှင့်ခြင်းနှင့် ကောက်ခံရရှိသော အခွန်အခဘဏ္ဍာငွေကို ရောဂါတိုက်ဖျက်ရေးအတွက် အသုံးပြုခြင်း၊ စားသောက်ကုန်ထုတ်လုပ်မှုတွင် သကြားနှင့် အငန်ဓာတ်ပါဝင်မှုလျှော့ချခြင်း၊ ဆိုးဆေးနှင့် အခြားဓာတုပစ္စည်းများ မပါဝင်စေရန် ကန့်သတ်တားမြစ်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုကို အားပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သော (၁) လူတိုင်းရောဂါဘယကင်းရှင်းရေး၊ (၂) လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးဟူသည့် ရည်မှန်းချက်တို့နှင့်အညီ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဆီးချိုသွေးချိုရောဂါအပါအဝင် မကူးစက်နိုင်သောရောဂါများအား ကာကွယ်ရန် ပထမအဆင့်အနေဖြင့် ကျန်းမာရေးအသိပညာမြှင့်တင်ခြင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒုတိယအဆင့်အနေဖြင့် ဆောလျင်စွာ ရောဂါရှာဖွေခြင်းနှင့် လိုအပ်လျှင်လွှဲပြောင်းကုသခြင်း၊ တတိယအဆင့်အနေဖြင့် ရောဂါကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စာမျက်နှာ ၂၁ သို့ ☆

# ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် မသိုးရွှေကြာသင်္ကန်းဆက်ကပ်ပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၅

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်ပူဇော်ပွဲနှင့် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် မသိုးရွှေကြာသင်္ကန်းဆက်ကပ်ပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲတို့ကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**လှည့်လည်အပူဇော်ခံ**

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၆)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ခဲ့ကြသည့်စင်တော်ကိုးစင်မှမသိုးရွှေကြာသင်္ကန်းတော်ကိုးစုံအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များ၊ မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ခဲ့ကြသည့် ပြိုင်ပွဲဝင်များက ရွှေကြာသင်္ကန်းတော်များကို အဖွဲ့လိုက် စေတီတော်ရင်ပြင်ပေါ်တွင် လှည့်လည်အပူဇော်ခံကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်မြတ်စွာဘုရားထံ ဆက်ကပ်ခဲ့ပြီး အလှူရှင်များက စေတီတော်ပရိဝုဏ်အတွင်းရှိဗုဒ္ဓရုပ်ပွားတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ သီတင်းသုံးတော်မူသည့် ဘုရားဆင်းတုတော်များကို မသိုးရွှေကြာသင်္ကန်းဆက်ကပ်ပူဇော်ခြင်း၊ အကြိမ် (၄၀)မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပြိုင်ပွဲအတွက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် ပြိုင်ပွဲတွင်ဆုရရှိသည့်အသင်းများအား ဆုချီးမြှင့်ခြင်းတို့ကို ယနေ့နံနက်ပိုင်းက စေတီတော်ရင်ပြင်နှင့် နန်းဦးဘုရားကြီးတန်ဆောင်းတို့တွင် ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲတွင် ရက်လုပ်ပြီးစီးခဲ့သည့် မသိုးရွှေကြာသင်္ကန်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ဆံတော်မြတ်ရတနာနှင့် တိုင်းဒေသကြီးဝန်ကြီးများနှင့် အဖွဲ့များက စေတီတော်ရင်ပြင်ရှိ ဘုရားဆင်းတုတော် အသီးသီးတို့တွင် ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် နန်းဦးဘုရားကြီးတန်ဆောင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိတို့က အကြိမ်(၄၀)မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသောစင်တော်များမှ ပြိုင်ပွဲဝင်များကို ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များ၊ သင်္ကန်းအလှူရှင်များကိုဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ (၃၇)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲ ကျင်းပ



ပုသိမ် နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ (၃၇)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲ အခမ်းအနားကို ယမန်နေ့ညနေပိုင်းက ပုသိမ်မြို့၏ ကျက်သရေဆောင် ရေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်နေမှု များကို ကြည့်ရှုအားပေးခဲ့ပြီး ဖျော်ဖြေရေးအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်ခဲ့သည်။ ရွှေမုဋ္ဌောမဟာ စေတီတော်မြတ်ကြီး၏ (၃၇)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲကို ပိတောက်စင်တော်၊ ဇလပ်စင်တော်၊ ကံ့ကော်စင်တော်၊ ဒေါနစင်တော်၊ နှင်းဆီစင်တော်၊ ဇီဇဝါစင်တော်၊ ခတ္တာစင်တော်၊ အင်ကြင်းစင်တော်၊ စံပယ်စင်တော် စသည့် ရက်ကန်းစင်တော် ကိုးစင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဘုရားဖူးလာရောက်ကြသူများ၊ မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်မှုများကို လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဆက်လက်၍ (၃၇)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဇီဇဝါရက်ကန်းစင်တော်၊ ဒုတိယဆုရရှိသည့် ကံ့ကော်ရက်ကန်းစင်တော်နှင့် တတိယဆုရရှိသော ပိတောက်ရက်ကန်းစင်တော်တို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ နှစ်သိမ့်ဆုရရှိသည့် ရက်ကန်းစင်တော်များကို တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လည်းကောင်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မွန်ပြည်နယ်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးကုသိုလ်ယူကြသူများ၊ စတုဒိသာကျွေးမွေးခြင်းများဖြင့် စည်ကားလျက်ရှိ



**မော်လမြိုင် နိုဝင်ဘာ ၁၅**

၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလ အခါတော်နေ့)တွင် မွန်ပြည်နယ်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးကုသိုလ်ယူကြသူများ၊ ပျော်ပွဲရွှင်ပွဲများ၊ စတုဒိသာကျွေးမွေးခြင်းများဖြင့် စည်ကားလျက်ရှိသည်။

တန်ဆောင်မုန်း လပြည့်နေ့တွင် မွန်ပြည်နယ်အတွင်းရှိ ကျိုက်ထီးရိုး ဆံတော်ရှင်စေတီတော်မြတ်ကြီး၊ ကျိုက်သလ္လံ စေတီတော်မြတ်ကြီး၊ ကျိုက္ခမီ ရေလယ်ဆံတော်ရှင်မြတ် အစရှိသည့် ဘုရား၊ စေတီ၊ ပုထိုးများတွင် ရပ်နီးရပ်ဝေးမှ ရဟန်းရှင်လူ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ ကုသိုလ်ဘာဝနာတရား ပွားများနာယူလျက် ရောင်စုံအလှမီးများ ထွန်းညှိပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ဖောက်လွှတ်ခြင်းတို့ဖြင့် ပျော်ရွှင်စွာ ဆင်ယင်ကျင်းပလျက်ရှိသည်။

ထို့အတူ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ဆိပ်ကမ်းသာ တံတားတွင် ကျင်းပသည့် ရှင်ဥပဂုတ္တမထေရ်မြတ် ပူဇော်ပွဲနှင့် ဆွမ်းအိုးမျှောပွဲသို့ တက်ရောက်ပြီး ရှင်ဥပဂုတ္တမထေရ်မြတ် ရုပ်ပွားတော်ကို ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီးနှင့် ရေချမ်း ကပ်လှူပူဇော်ကာ ဆွမ်းအိုးများကို သံလွင်မြစ်ထဲသို့ မျှော၍ ကုသိုလ်ယူကြကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

★ စာမျက်နှာ ၂၀ မှ

ထိုသို့ဆောင်ရွက်ရာတွင် ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါများ ကြိုတင်ကာကွယ်ကုသခြင်းလုပ်ငန်းများကို ကျေးလက်ကျန်းမာရေးဌာန၊ ဒေသန္တရဆေးခန်းနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးဌာနများတွင် ဗုဒ္ဓဟူးနေ့တိုင်း၌ အထူးကုသဆောင်ရွက်ပေးလျက်ရှိပြီး ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါများကို စောစီးစွာ ရှာဖွေစစ်ဆေးပေးခြင်း၊ ကုသပေးခြင်း၊ လိုအပ်လျှင် လွှဲပြောင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခု ၂၀၂၄ ခုနှစ်တွင်လည်း မြန်မာနိုင်ငံရှိ ဆီးချိုသွေးချို၊ သွေးတိုးနှင့် မကူးစက်နိုင်သော ရောဂါများဖြစ်ပွားစေသောအကြောင်းရင်းများ စောင့်ကြပ်ကြည့်ရှုခြင်း(STEPS Survey)ဆိုင်ရာ အချက်အလက်များကို နိုင်ငံတော်က ငွေကြေးများစွာ ကျခံသုံးစွဲ၍ ကျန်းမာရေးဝန်ကြီးဌာနက ကြီးကြပ်ကောက်ခံသည့် လုပ်ငန်းများ စတင်နေပြီဖြစ်ပါသည်။

**နိဂုံး**

ဆီးချိုသွေးချိုနှင့် မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဆောင်ရွက်ရာတွင် ဘက်စုံကဏ္ဍစုံမှ ပူးပေါင်းပါဝင်ခြင်းသည် များစွာအရေးကြီးလှပါသည်။ အထူးသဖြင့် ကျန်းမာရေးနှင့် နီးနွယ်နေသောဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည်လည်း အရေးပါလှပါသည်။ ထို့ကြောင့် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အခါသမယတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆီးချိုရောဂါကာကွယ်ထိန်းသိမ်းရေး လှုပ်ရှားမှုများကို ပြည်သူလူထုတစ်ရပ်လုံး တက်ကြွစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်အတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ပြည်သူတစ်ရပ်လုံးမှ အတူတကွ ပူးပေါင်းလက်တွဲဆောင်ရွက်ခြင်းဖြင့် ဆီးချိုသွေးချိုရောဂါကြောင့် လူသားတို့၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်ကို မခြိမ်းခြောက်နိုင်စေရန်အတွက် အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆီးချိုသွေးချိုရောဂါအန္တရာယ်ကို ကာကွယ်နိုင်မည့် လူမှုဝန်းကျင်ကမ္ဘာလောကကြီးကို ဖန်တီးကြပါစို့ဟု နှိုးဆော်တိုက်တွန်းရေးသားအပ်ပါသည်။ ။

မြန်မာနိုင်ငံ စီးပွားရေးပညာနှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# အိတ်စပေါ့ သို့မဟုတ် ဒိုင်း ( Export or Die)

**စောနိုင်(အသုံးချဘောဂဗေဒ)**

(၁)

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတွင် ပို့ကုန်ကဏ္ဍ အရေးပါပုံကို ဖော်ပြထားသည့် Export or Die ဟု ခေါင်းစဉ်တပ်ထားသော ဆောင်းပါးတစ်ပုဒ်ကို ဖတ်ရသည်။ ထိုခေါင်းစဉ်ကို တိုက်ရိုက်ပြန်ဆိုရလျှင် "ပို့ကုန်တင်ပို့ပါ ဒါမှမဟုတ် သေလိုက်ပါ" ဟု အဓိပ္ပာယ်ထွက်လာသည်။ **ဆိုလိုသည်မှာ နိုင်ငံတစ်နိုင်ငံအနေဖြင့် ပို့ကုန်တင်ပို့မှုပြုလုပ်ပါ၊ မပြုလုပ်နိုင်ပါက ဒုက္ခအကြီးအကျယ်တွေ့လိမ့်မည်ဟု ရည်ညွှန်းထားခြင်းဖြစ်သည်။**

နိုင်ငံတစ်နိုင်ငံအနေဖြင့် ပြည်တွင်း၌ ထုတ်လုပ်မှုများ ပိုမိုပြုလုပ်၍ထုတ်ကုန်များကို နိုင်ငံရပ်ခြားသို့ တင်ပို့နိုင်အောင် ကြိုးစားရန် လိုအပ်သည်။ ထိုသို့ မကြိုးစားနိုင်ခဲ့ပါက နိုင်ငံ၏စီးပွားရေးအတွက် အခက်အခဲများရှိလာမည်၊ ရေရှည်၌ နိုင်ငံတကာဝန်းကျင်တွင် ရပ်တည်နိုင်စွမ်းရှိတော့မည်မဟုတ်ဟု သဘောပေါက်ရသည်။ **"ပို့ကုန်တင်ပို့ခြင်း"** နှင့် **"သေဆုံးခြင်း"** အခြေအနေနှစ်ရပ်တွင် ပထမအခြေအနေကို လုပ်နိုင်ရန်လိုသည်၊ မလုပ်နိုင်ပါက ဒုတိယအခြေအနေနှင့် ကြုံတွေ့ရမည့်သဘောဖြစ်သည်။ ထုတ်လုပ်နိုင်စွမ်းမရှိ၊ ပို့ကုန်တင်ပို့နိုင်စွမ်းမရှိ၊ နိုင်ငံခြားဝင်ငွေမရရှိ၍ နိုင်ငံ့စီးပွားရေး လှုပ်ရှားစွမ်းဆောင်နိုင်မှုအားနည်းသွားမည်။ ထိုသို့သော နိုင်ငံ့စီးပွားရေး တဖြည်းဖြည်းအားနည်းကာ ရပ်တန့်လာနိုင်သောအခြေအနေကို **"သေဆုံးသွားသည့်အခြေအနေ"**နှင့် နှိုင်းယှဉ်ပြောဆိုထားခြင်းဖြစ်သည်။

(၂)

ပို့ကုန်ဟု ပြောလိုက်သည်နှင့် နိုင်ငံတစ်နိုင်ငံ၏နယ်နိမိတ်အလွန်တွင်ရှိသော နိုင်ငံတကာဈေးကွက်များကိုပြေးမြင်မိလိမ့်မည်။ ဘောဂဗေဒဘာသာရပ်တွင်နိုင်ငံတကာကုန်သွယ်ရေး သို့မဟုတ် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး ( International Trade)ဟု ခေါ်သည်။ တစ်နည်းဆိုသော် နိုင်ငံတကာဈေးကွက်ထဲတွင် ရောင်းချခြင်း၊ ဝယ်ယူခြင်းတို့ ပြုလုပ်ခြင်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် အခြားသောနိုင်ငံများနှင့် ကုန်သွယ်မှုပြုနိုင်မှ မိမိနိုင်ငံထွက်ကုန်များကို ရောင်းချနိုင်မည်။ နိုင်ငံခြားဝင်ငွေရလာနိုင်မည်။ ထိုဝင်ငွေဖြင့် မိမိနိုင်ငံက လိုအပ်သော ကုန်ပစ္စည်းများကိုလည်း ဝယ်ယူတင်သွင်းနိုင်မည်။ တစ်ကမ္ဘာလုံး အဆက်အစပ်အားကောင်းနေပြီဖြစ်သော ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ထဲတွင် နိုင်ငံတကာဈေးကွက်များနှင့် ချိတ်ဆက်ရေး၊ နိုင်ငံတကာကုန်သွယ်ရေးနယ်ပယ်တွင် ကျွမ်းကျင်စွာ ဆက်စပ်ပတ်သက်လုပ်ဆောင်နိုင်ရေးသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် လွန်စွာအရေးကြီးသည့်ကိစ္စ ဖြစ်လာသည်။

(၃)

စဉ်းစားစရာများစွာရှိသည်။ နိုင်ငံတကာကုန်သွယ်ရေးတွင် ပို့ကုန်တင်ပို့မှုနှင့် သွင်းကုန်တင်သွင်းမှုအပိုင်း နှစ်ပိုင်း ရှိနေသော်လည်း ပို့ကုန်တင်ပို့နိုင်မှုသည် အဓိကကျသည်။ ပို့ကုန်တင်ပို့နိုင်ရန်အတွက် နိုင်ငံတွင် အားကောင်းသော ထုတ်လုပ်မှုကဏ္ဍ ရှိနေရမည်။ နိုင်ငံအများစုတွင် ဈေးကွက်စီးပွားရေးစနစ် ပိုမိုကျင့်သုံးလာနေသော ယနေ့အချိန်ကာလ၌ နိုင်ငံ၏ကုန်သွယ်မှုကဏ္ဍ အားကောင်းလာစေရန် အစိုးရတစ်ဖွဲ့တည်းနှင့် အလုပ်မဖြစ်။ ပုဂ္ဂလိကကဏ္ဍ၏ စွမ်းဆောင်ရည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်။ ထို့ကြောင့် နိုင်ငံအစိုးရများအနေဖြင့် နိုင်ငံတွင်းရှိ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များကို စီးပွားရေးမိတ်ဖက်အဖြစ် သဘောထားလုပ်ဆောင်လျက်ရှိကြသည်။



ဒေါက်တာ ရော်နယ်ဖင်လေး ( ၁၉၃၅-၂၀၂၂)

အစိုးရအနေဖြင့် မူဝါဒပိုင်းဆိုင်ရာဖြည့်ဆည်းမှုအပါအဝင် အခြားသော ပံ့ပိုးထောက်ကူမှုများအတွက် အရေးကြီးသော အခန်းကဏ္ဍတွင် ရှိနေသကဲ့သို့ ပုဂ္ဂလိကကဏ္ဍရှိ လုပ်ငန်းရှင်များသည်လည်း ထုတ်လုပ်မှုဆိုင်ရာ အရည်အသွေး၊ ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်း၊ စဉ်ဆက်မပြတ် တီထွင်မှုစွမ်းရည်၊ နိုင်ငံတကာဈေးကွက်အခြေအနေ လေ့လာနိုင်စွမ်းနှင့် သုတေသနပိုင်းဆိုင်ရာတို့တွင် အရေးပါသည့် ပလေယာ ( player) များဖြစ်နေသည်။ ပြည်တွင်း၌ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား ဟန်ချက်ညီသော ပူးပေါင်းဆောင်ရွက်မှုရှိနေရမည်။ နိုင်ငံတကာနယ်ပယ်၌လည်း အစိုးရသည် အခြားသောနိုင်ငံများနှင့်သဟဇာတဖြစ်စွာ ဆက်ဆံနိုင်စွမ်းရှိနေရမည်။

(၄)

ပို့ကုန်ကဏ္ဍမြှင့်တင်ခြင်းသည် နိုင်ငံအဆင့်ဈေးရောင်းခြင်းကို ဦးစားပေးလုပ်ဆောင်ခြင်းဖြစ်သည်။ ထိုသို့ရောင်းချရာတွင် မိမိတို့နိုင်ငံ၏ ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းစေသော၊ အနာဂတ်မျိုးဆက်များ၏အကျိုးစီးပွားကို မထိခိုက်နိုင်သော ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ ရောင်းချခြင်းသာ ဖြစ်သင့်သည်။ သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ရောင်းချခြင်း၊ ကုန်ကြမ်းပစ္စည်းများသာ ရောင်းချခြင်းတို့သည် အနာဂတ်မျိုးဆက်များ၏ အကျိုးစီးပွားကို ထိခိုက်စေသော၊ နိုင်ငံ၏ရေရှည်အကျိုးစီးပွားကို မဖော်ဆောင်နိုင်သော ပို့ကုန်ပစ္စည်းများသာဖြစ်သည်။

ကိုဗစ်ကပ်ရောဂါအလွန်ကာလ ယနေ့အချိန်တွင် တစ်ကမ္ဘာလုံး စီးပွားရေးကျဆင်းနေသည့် အခြေအနေဆိုးထဲမှ ရုန်းထွက်နေသည့်အချိန်ဖြစ်သည်။ နိုင်ငံများအားလုံး စီးပွားရေးကျဆင်းမှုဝဲဂယက်ထဲ ပါမသွားစေရေးအတွက် အစွမ်းကုန်အားထုတ်နေကြရသည်။ နိုင်ငံ့စီးပွားရေး ပြန်လည်နာလန်ထူနိုင်ရေးအတွက် နိုင်ငံတကာထက် ပြည်တွင်းအခြေအနေကို ပိုမိုအာရုံစိုက်လုပ်ဆောင်နေကြရသည်။ သို့သော် နိုင်ငံများအကြားကူးလူးဆက်သွယ်မှုမှာ ယခင်ကာလများကဲ့သို့မဟုတ်ပေ။



ဒေါက်တာလှမြင့် (၁၉၂၀-၂၀၁၇)

သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အပါအဝင် အဆင့်မြင့်တီထွင်မှုများကြောင့် တစ်ကမ္ဘာလုံးရှိနိုင်ငံများကြား အပြန်အလှန် ကူးသန်းသွားလာ၊ ရောင်းဝယ်ဖောက်ကားမှုမှာ ပိုမိုများပြားလျက်ရှိနေသဖြင့် နိုင်ငံတစ်နိုင်ငံချင်း၏ စီးပွားရေးအရ ရပ်တည်မှုကို လေ့လာကြည့်ပါက နိုင်ငံတကာစီးပွားရေးဝန်းကျင်၊ နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ကင်းလွတ်၍ မရသည့်အခြေအနေတွင် ရှိသည်။ ထို့ကြောင့် နိုင်ငံများသည် ပြည်တွင်းစီးပွားရေးအခြေအနေကို အာရုံစိုက်နေရသည့်တိုင် နိုင်ငံတကာစီးပွားရေး၊ ကုန်သွယ်ရေးအခြေအနေများနှင့် အဆက်ပြတ်၍မရသည့် အခြေအနေမျိုး ဖြစ်နေသည်။

(၅)

ပြည်တွင်း ကုန်ထုတ်လုပ်မှုတွင်လည်း နည်းပညာ၊ သွင်းအားစုကုန်ကြမ်း၊ စက်ကိရိယာ စသဖြင့် လိုအပ်သောအရာများစွာအတွက် သွင်းကုန်အပေါ်တွင်သာ မှီခိုအားထားနေရသည်။ သွင်းကုန်ဝယ်ယူနိုင်ရေးအတွက် ပို့ကုန်ဒေါ်လာငွေအပေါ် များစွာမှီခိုနေရသော ဖွံ့ဖြိုးဆဲနိုင်ငံများမှာ




ပြည်တွင်းဖူလုံရေး၊ ပြည်တွင်းစီးပွားရေးကိုသာ အာရုံထား၍မရပေ။ (နိုင်ငံတကာဈေးကွက်များထဲ၌ ပို့ကုန်ဝယ်လိုအားကျဆင်း၍ ကုန်သွယ်ရေးအခြေအနေဆိုးရွားနေသည့်တိုင် ) တည်ရှိနေပြီးသား ဈေးကွက်ဝေစုများ၊ ကုန်သွယ်ရေး မိတ်ဖက်နိုင်ငံများနှင့် အဆက်မပြတ်ရှိနေရန် လိုအပ်သည်။

ပြည်တွင်းစားသုံးမှုကိုဦးတည်၍ ထုတ်လုပ်မှုကဏ္ဍကို တွန်းအားပေးလုပ်ဆောင်နေချိန်နှင့် တစ်ပြိုင်တည်းမှာပင် ပို့ကုန်ကဏ္ဍအတွက်လည်း အလေးထား အားထုတ်နေရန်လိုသည်။ ချမ်းသာကြွယ်ဝသည့် ဖွံ့ဖြိုးပြီးနိုင်ငံများပင်လျှင် ပြည်တွင်းစားသုံးမှုအတွက်သာမက ပို့ကုန်ဈေးကွက် ဝေစုတိုးချဲ့နိုင်ရေးအတွက်ပါ ထုတ်လုပ်မှုများမြှင့်တင်ရန် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများကို တွန်းအားပေးလုပ်ဆောင်လျက်ရှိသည်ကို သတင်းများတွင် ဖတ်ရှုနေရသည်။ လက်ရှိကမ္ဘာ့နိုင်ငံများအားလုံးသည် မမျှော်မှန်းနိုင်သော နိုင်ငံတကာအခြေအနေအရပ်ရပ်ကိုရင်ဆိုင်နေကြရပြီး ပြည်တွင်းအခြေအနေများနှင့်ပတ်သက်၍လည်း ကိုယ့်အထွာနှင့်ကိုယ် အခက်အခဲများနှင့် ရုန်းကန်နေကြရပေသည်။

(၆)

မည်သို့ပင်ရှိနေစေကာမူ "အိတ်စပေါ့ (Export) နှင့် ဒိုင်း(Die)" ဟူသော ရွေးချယ်မှုနှစ်ရပ်ထဲက အိတ်စပေါ့( ပို့ကုန်တင်ပို့မှု) ဆိုသည်ကို ရွေးချယ်လုပ်ဆောင်ရမည်၊ မလုပ်ဆောင်နိုင်ပါက ဒုက္ခရောက်မည်ဟု ဖော်ညွှန်းထားခြင်းသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးရေးအတွက် ကုန်သွယ်ရေးကဏ္ဍကို ဆက်လက်အလေးထားလုပ်ဆောင်ရန် လိုအပ်နေသည်ကို ဆက်လက်မီးမောင်းထိုးပြထားခြင်းဖြစ်သည်။

လွန်ခဲ့သော ၁၆ ရာစု၊ ၁၇ ရာစုများကတည်းက ကမ္ဘာ့နိုင်ငံများသည် မာကန်တဲလစ်ဇင် (Mercantilism) ဟုခေါ်သည့် ကုန်သည်ဝါဒဖြင့် နိုင်ငံချမ်းသာကြွယ်ဝရေးအတွက် လုပ်ဆောင်ခဲ့ကြဖူး၏။ ကမ္ဘာ့စီးပွားရေးသမိုင်းတစ်လျှောက် စီးပွားရေးဖွံ့ဖြိုးမှု အယူအဆများ၊ နည်းလမ်းများတွင် ကုန်သွယ်ရေးသည် တစ်နည်းမဟုတ်တစ်နည်းဖြင့် ဆက်စပ်ပတ်သက်မှုရှိခဲ့၏။ စုဆောင်းမှု၏ အခန်းကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုများ၏ အခန်းကဏ္ဍတို့ကိုအသုံးပြု၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်းများကို လုပ်ဆောင်ရာတွင်လည်း **စာမျက်နှာ ၂၃ သို့** ❐

**"အတိတ်ကာလကရှိခဲ့သော မြန်မာ့စီးပွားရေးအခြေအနေကောင်းများကို ပြန်ပြောင်းသတိရသကဲ့သို့ မြန်မာနိုင်ငံသား စီးပွားရေးပညာရှင်ကြီးများ၊ နိုင်ငံတကာမှ စီးပွားရေးပညာရှင်များ၏ ကုန်သွယ်ရေးနှင့်ပတ်သက်သည့် အကြံပေးမှာကြားချက်များကိုလည်း လက်တွေ့ကျကျ လိုက်နာလုပ်ဆောင်ရန် လိုအပ်နေဆဲဖြစ်သည်ကို သတိပြုမိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတို့အနေဖြင့် ပြည်တွင်းစားသုံးမှုကိုဦးတည်၍ ထုတ်လုပ်မှုကဏ္ဍကို အာရုံစိုက်ရင်း နိုင်ငံတကာတင်ပို့မည့် ကုန်စည်အရည်အသွေး၊ နိုင်ငံတကာ ဈေးကွက်ပေါက်ဈေးများနှင့် ကွာဟမှုမရှိသည့်ဈေးနှုန်းအဆင့် စသည့်အခြေအနေအရပ်ရပ်ကိုလေ့လာ၍ ပြည်တွင်းထုတ်လုပ်မှုကဏ္ဍကို ဇောင်းပေးလုပ်ဆောင်ရန်အချိန်တန်ပြီဟုဆိုချင်"**




(၂၃)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်

## မင်းဘူးမြို့ စက္ကိန်းတဲစေတီတော်မြတ်ကြီး၌ မီးပုံးပျံများလွှတ်တင်ခြင်း၊ ဆီမီး ၂၅၀၀ ထွန်းညှိပူဇော်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပ

မင်းဘူး နိုဝင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ စက္ကိန်းတဲစေတီတော်မြတ်ကြီးတွင် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) ညနေ ၆ နာရီက မီးပုံးပျံများလွှတ်တင်ကာ ဆီမီး ၂၅၀၀ ထွန်းညှိပူဇော်ခဲ့ကြပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆီမီးပူဇော်ရာတွင် မင်းဘူးခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများ ဦးဆောင်၍ ဘုရားဂေါပက အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဘုရားဖူးလာပြည်သူများက မီးပုံးပျံများလွှတ်တင်ကာ ဆီမီး ၂၅၀၀ ကို ဘုရားပရိဝုဏ်အတွင်း ထွန်းညှိပူဇော်ခဲ့ကြပြီး ဘုရားဖူးလာရောက်ကြသူများကို ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စုပေါင်း၍ ကြာဆံချက်များ၊ မဲဇလီဖူးသုပ်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။



တန်ဆောင်တိုင် ရုံးပိတ်ရက်ကာလနှင့် တန်ဆောင်မုန်းလပြည့်နေ့၌ မင်းဘူး(စကု) မြို့နယ်အတွင်းရှိ အထင်ကရနေရာများဖြစ်သော မန်းရွှေစက်တော်ဘုရား၊ ရှင်ပင်စက္ကိန်းတဲစေတီတော်၊ နဂါးပွက်တောင်တော်၊ ရှင်မင်းပူးစေတီတော်၊ ရှင်ပင်ချမ်းသာကြီး စေတီတော်နှင့် ဘုရားကျောင်းကန် စေတီပုထိုးစသည့် အထင်ကရနေရာများတွင် ဥပုသ်သီလ ဆောက်တည်ကြသူများ၊ ပရိတ်/ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ကြသူများ၊ အလှူအတန်းနှင့် ကောင်းမှုကုသိုလ်ပြုလုပ်သူများ၊ ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကြသူများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက် လည်ပတ်ကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

ဇေယျာထက်(မင်းဘူး)

## သုဝဏ္ဏဝတီမြို့ ရွှေဘုံသာစေတီတော်မြတ်ကြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

သထုံ နိုဝင်ဘာ ၁၅

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်ရှိ ရွှေဘုံသာစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယ မြို့လုံးကျွတ်ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို နိုဝင်ဘာ ၁၅ ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက်ပိုင်းက အဆိုပါ စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

### လောင်းလှူပူဇော်

ဆွမ်းဆန်စိမ်း လောင်းလှူရာတွင် ရွှေဘုံသာစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် မြို့မိမြို့ဖတို့က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပင့်ဆောင်ကြပြီး စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် ရပ်နီးရပ်ဝေးမှ ပင့်ကျောင်း ၈၁ ကျောင်းတို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင် စုစုပေါင်း အပါး ၅၀၀ ခန့်အား သုဝဏ္ဏဝတီမြို့နှင့် အနီးဝန်းကျင်ကျေးရွာများမှ အလှူရှင်များက ဆွမ်းဆန်တော်၊ ငွေပဒေသာပင်များနှင့် လှူဖွယ်များကို လောင်းလှူပူဇော်ခဲ့ကြသည်။

### ကျွေးမွေးလှူဒါန်း

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ဦးဆောင်၍ အလှူရှင်များက ကြွရောက်လာကြသည့် သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းနှင့် အချိုပွဲများဆက်ကပ်ပြီး ရပ်နီးရပ်ဝေးမှ ဘုရားဖူးဧည့်ပရိသတ်များအား စတုဒိသာများ ကျွေးမွေးလှူဒါန်းကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




❒ စာမျက်နှာ ၂၂ မှ

ကုန်သွယ်ရေးကဏ္ဍကို ထည့်သွင်းစဉ်းစားခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ကာလများ၌ ဖွံ့ဖြိုးဆဲနိုင်ငံအများစု၏ သွင်းကုန်အစားထိုး ပေါ်လစီများဖြင့် စက်မှုနိုင်ငံတည်ဆောက်ရေးတွင် အခက်အခဲများ ကြုံတွေ့ခဲ့ပြီးနောက်ပိုင်းတွင်လည်း ပို့ကုန်ဦးစားပေးပေါ်လစီကို ပြန်လည်အာရုံစိုက်လာခဲ့ကြသည်။ ၁၉၆၀၊ ၁၉၇၀ ပြည့်နှစ်ကာလများက အရှေ့တောင်အာရှနိုင်ငံများ၏ အတွေ့အကြုံများတွင်လည်း အပြင်ကြည့်ပေါ်လစီ (Outward Looking Policy) ခေါ် ပို့ကုန်ဦးစားပေးပေါ်လစီသည် အထူးရေပန်းစားလာသည်ကို တွေ့ခဲ့ရ၏။

မြန်မာ့စီးပွားရေး အဆောက်အအုံသည်လည်း ပို့ကုန်အလေးထားပေါ်လစီ (Export-Oriented policy) နှင့် မစိမ်းပေ။ မြန်မာ့စီးပွားရေးပညာရှင်များ၊ သုတေသီများသည် အခြားအာရှနိုင်ငံများကို လေ့လာ၍ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ပို့ကုန်ကဏ္ဍ အလေးထားလုပ်ဆောင်ရန် အကြိမ်ကြိမ်အခါခါ အကြံပြုခဲ့ကြသည်။ အလေးထားထောက်ပြမှုများတွင် ကမ္ဘာသိမြန်မာ့စီးပွားရေးပညာရှင် ပါမောက္ခ ဒေါက်တာလှမြင့်ပြုစုခဲ့သော **Southeast Asia's Economy: Development Policies in the 1970s** စာအုပ်က ထူးထူးခြားခြား သက်သေပြနေပေသည်။ ပါမောက္ခ ရော်နယ်ဖင်လေးက ၎င်း၏ စာတမ်းများတွင် အကြံပြုဆော်ဩခဲ့ဖူးသည်။ ထို့ကြောင့် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ခြေရာကောက်လေ့လာသည့်အခါတွင် ပို့ကုန်ကဏ္ဍနှင့်ပတ်သက်၍ အလေးထားပြောကြားခဲ့ဖူးသော ကမ္ဘာသိမြန်မာ့စီးပွားရေးပညာရှင် ဆရာကြီး ဒေါက်တာလှမြင့်၊ ဒေါက်တာရော်နယ်ဖင်လေးတို့ကို သတိတရရှိနေကြလိမ့်မည်။

ဆရာကြီးတို့၏ရေးသားမှုများ၊ ဟောပြောမှုများကို ဖတ်ရှုရသည့်အခါတိုင်း ဂုဏ်ယူစိတ်ဖြစ်ရသကဲ့သို့ အားနည်းချည့်နဲ့သွားသည့် မြန်မာ့စီးပွားရေးအဆောက်အအုံအတွက် စိတ်မကောင်းဖြစ်ရ၏။ ဆရာကြီးတို့၏ အိုင်ဒီယာအယူအဆများကို ကမ္ဘာကအသိအမှတ်ပြု၏။ လက်တွေ့ကျင့်သုံးလိုက်နာခဲ့ကြသည့် နိုင်ငံများလည်းရှိခဲ့၏။ ထိုအချိန်ကာလ မြန်မာနိုင်ငံ အစိုးရများကမူ လိုက်နာကျင့်သုံးနိုင်ခြင်းမရှိခဲ့ပေ။ ၁၉၆၀ ပြည့်နှစ်များက ဖွံ့ဖြိုးတိုးတက်မှုအားဖြင့် မြန်မာနိုင်ငံ၏ အနောက်ခပ်လှမ်းလှမ်းတွင်ရှိခဲ့ကြသော မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း ကဲ့သို့ အရှေ့တောင်အာရှနိုင်ငံအချို့သည် မြန်မာနိုင်ငံသား စီးပွားရေးပညာရှင်ကြီးများ၏ အတွေးအခေါ်၊ အယူအဆတို့ကို လက်တွေ့ကျင့်သုံး၍ ၎င်းတို့နိုင်ငံစီးပွားရေးအတွက် အားထုတ်ခဲ့ကြကြောင်း သုတေသီတို့က သုံးသပ်ခဲ့ကြသည်။

(၇)

အတိတ်ကာလကရှိခဲ့သော မြန်မာ့စီးပွားရေး အခြေအနေကောင်းများကို ပြန်ပြောင်းသတိရသကဲ့သို့ မြန်မာနိုင်ငံသား စီးပွားရေးပညာရှင်ကြီးများ၊ နိုင်ငံတကာမှ စီးပွားရေးပညာရှင်များ၏ ကုန်သွယ်ရေးနှင့်ပတ်သက်သည့် အကြံပေးမှာကြားချက်များကိုလည်း လက်တွေ့ကျကျလိုက်နာလုပ်ဆောင်ရန် လိုအပ်နေဆဲဖြစ်သည်ကို သတိပြုမိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတို့အနေဖြင့် ပြည်တွင်းစားသုံးမှုကိုဦးတည်၍ ထုတ်လုပ်မှုကဏ္ဍကို အာရုံစိုက်ရင်း နိုင်ငံတကာတင်ပို့မည့် ကုန်စည်အရည်အသွေး၊ နိုင်ငံတကာ ဈေးကွက်ပေါက်ဈေးများနှင့် ကွာဟမှုမရှိသည့်ဈေးနှုန်းအဆင့် စသည့်အခြေအနေအရပ်ရပ်ကိုလေ့လာ၍ ပြည်တွင်းထုတ်လုပ်မှုကဏ္ဍကို ဖော်ပေးလုပ်ဆောင်ရန်အချိန်တန်ပြီဟု ဆိုချင်ပါသည်။

(၈)

တစ်ဖက်တွင် ဒေသဆိုင်ရာ လွတ်လပ်သော ကုန်သွယ်ရေးအုပ်စုများ ပေါ်ထွန်းလာနေသကဲ့သို့ အခြားတစ်ဖက်၌ ကုန်သွယ်ရေးပဋိပက္ခများကလည်း မကြာခဏဖြစ်ပေါ်လာနေသည်။ ကုန်သွယ်ရေးစစ်ပွဲဖြစ်နိုင်ခြေ အလားအလာများလည်း ရှိနေသည်။ သို့သော် နိုင်ငံများ ဈေးရောင်းခြင်းဟုဆိုရမည့် ကုန်သွယ်မှုအခန်းကဏ္ဍသည် ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် ယခင်ကာလများကထက်ပို၍ အခန်းကဏ္ဍကြီးမားလာနေသည်မှာ လက်တွေ့ကမ္ဘာ့အခြေအနေများက သရုပ်ဖော်ပြနေတော့သည်။

(၉)

ယနေ့နိုင်ငံတကာအခြေအနေများကို လေ့လာကြည့်ရာတွင် ကုန်သွယ်ရေးအစီအစဉ် အမျိုးမျိုးအောက်၌ နိုင်ငံများသည် ကိုယ်ကျိုးစီးပွားအတွက် နည်းလမ်းအမျိုးမျိုးဖြင့် အားထုတ်နေကြသည်ကို တွေ့ရ၏။ ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်နေကြ၏။ ပို့ကုန်ပမာဏအားကောင်းရေး၊ ဈေးကွက်ဝေစုတိုးချဲ့နိုင်ရေး မပြတ်အားထုတ်နေကြ၏။ အဘယ်ကြောင့်ဆိုရသော် စီးပွားရေးအကျပ်အတည်း၊ အခက်အခဲများ အစီအရီရှိနေသည့် ယနေ့ကာလ၌ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးသည် ပို့ကုန်တင်ပို့နိုင်ခြင်းမရှိပါက ကမ္ဘာ့စီးပွားရေးနယ်ပယ်၌ ရှင်သန်ရပ်တည်နိုင်စွမ်းမရှိ ခက်ခဲကျပ်တည်းမှုကို အကြီးအကျယ် ရင်ဆိုင်လာရဖွယ်ရှိသောကြောင့် ဖြစ်ပေသတည်း။ ။

**(စာကြွင်း။ ဝန်ဆောင်မှုကဏ္ဍပိုမိုကြီးထွားလာနေသော ၂၁ ရာစုအချိန်၊ ယနေ့ကာလ၌ ပို့ကုန်ဆိုရာတွင် ကုန်စည်တင်ပို့မှုသာမက၊ ဝန်ဆောင်မှုတင်ပို့မှုကိုပါ ရည်ညွှန်းပါသည်)**

# ဂျပန်တော်ဝင်မင်းသမီး ယူရီကို အသက် ၁၀၁ နှစ်တွင် ကွယ်လွန်



ကွယ်လွန်သူ မင်းသမီးယူရီကိုအတွက် နှုတ်ဆက်ပွဲများနှင့် စျာပနအခမ်းအနားကို ဧကရာဇ်မိသားစုဝင်များ၏ ထုံးတမ်းစဉ်လာများအတိုင်း နိုဝင်ဘာ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

**တိုကျို နိုဝင်ဘာ ၁၅**

အသက် ၁၀၁ နှစ်ရှိပြီဖြစ်သည့် မင်းသမီး ယူရီကိုသည် နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

မင်းသမီးယူရီကိုသည် ကွယ်လွန်သူ ဧကရာဇ် ရှိုဝါ၏ ညီတော် မင်းသား မီကာဆာ၏ ကြင်ရာတော်ဖြစ်သည်။

၎င်းသည် လေဖြတ်ခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ အဆုတ်အအေးမိခြင်းတို့ကို ခံစားရသည့်အတွက် မတ် ၃ ရက်တွင် တိုကျိုမြို့ရှိ စိန့်လူကီ နိုင်ငံတကာဆေးရုံ၌ ဆေးကုသမှုခံယူခဲ့သည်။

အရေးပေါ်ဌာနတွင် ရက်အနည်းငယ်ကုသမှုခံယူပြီးနောက် ညာဘက်လက်နှင့် ခြေထောက်လှုပ်ရှားမှုများ သိသိသာသာ ပြန်လည်ကောင်းမွန်လာခဲ့သော်လည်း ၁၀ ရက်ခန့်အကြာတွင် အဆုတ်အအေးမိရောဂါကို ဆိုးရွားစွာ ခံစားခဲ့ရသည်။

မင်းသမီးသည် အအေးမိအဆုတ်ရောင်ရောဂါခံစားရပြီးနောက် စက်တင်ဘာလအစောပိုင်းအထိ အရေးပေါ်ဌာနတွင် ဆေးကုသမှုခံယူခဲ့ရသည်။

မင်းသမီး၏ ကိုယ်တွင်းအင်္ဂါ လုပ်ဆောင်ချက်များ ယိုယွင်းလာခြင်းကြောင့် ကျန်းမာရေးမှာ သက်သာမှုမရှိဘဲ အခြေအနေဆိုးရွားလာခဲ့ကြောင်း နိုဝင်ဘာ ၈ ရက်တွင် တော်ဝင်အေဂျင်စီက ကြေညာခဲ့သည်။

မင်းသမီး ယူရီကိုနှင့် မင်းသားမီကာဆာတို့သည် ၂၀၁၆ ခုနှစ် မင်းသား မီကာဆာ ကွယ်လွန်သည့်အချိန်အထိ ၇၅ နှစ်ကြာ အတူပေါင်းသင်းနေထိုင်ခဲ့သည်။

မင်းသမီးသည် ပြီးခဲ့သည့် ဇွန် ၄ ရက်တွင် အသက် ၁၀၁ နှစ်ပြည့်ခဲ့ကြောင်း သိရသည်။ ၁၉ ရာစုနှောင်းပိုင်းတွင် စတင်ခဲ့သော မေဂျီခေတ်နောက်ပိုင်း ဧကရာဇ်မိသားစု၏ အသက်အရှည်ဆုံးစာရင်းတွင် ပါဝင်သည်။

# ကမ္ဘောဒီးယားနိုင်ငံ၌ တရုတ်တေးသီချင်းဆိုပြိုင်ပွဲ ကျင်းပ

**ဖနောင်ပင် နိုဝင်ဘာ ၁၅**

ကမ္ဘောဒီးယားနိုင်ငံ၌ တရုတ်ဘာသာစကား သင်ကြားမှု မြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ ကမ္ဘောဒီးယား လူငယ်များ ပါဝင်ယှဉ်ပြိုင်သည့် တရုတ်တေးသီချင်းဆိုပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနောင်ပင်၌ နိုဝင်ဘာ ၁၃ရက်က ကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။




ကမ္ဘောဒီးယား တော်ဝင်အကယ်ဒမီ၌ ကျင်းပသည့် ယင်းတေးသီချင်းဆိုပြိုင်ပွဲတွင် ကမ္ဘောဒီးယားနိုင်ငံပညာရေး၊ လူငယ်ရေးရာနှင့် အားကစားဝန်ကြီး ဟန်ချွန်နာရွန်နှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ဝဲန်တိန်းတို့က သဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

ယခု ကျင်းပသည့် တရုတ်တေးသီချင်းဆိုပြိုင်ပွဲသည် ၂၀၂၄ ခုနှစ် ကမ္ဘောဒီးယား -တရုတ် ပြည်သူများအကြား ယဉ်ကျေးမှု ဖလှယ်ရေးနှစ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံတွင် တရုတ်ဘာသာစကား သင်ကြားမှု မြှင့်တင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ပညာရေး၊ လူငယ်ရေးရာနှင့် အားကစားဝန်ကြီး ဟန်ချွန်နာရွန်က ပြောကြားသည်။

တရုတ် တေးသီချင်းဆိုပြိုင်ပွဲသည် ကမ္ဘောဒီးယားနိုင်ငံ၌ တရုတ်ဘာသာစကားသင်ကြားမှု မြှင့်တင်ရန်နှင့် နှစ်နိုင်ငံအကြား နက်ရှိုင်းသည့် ယဉ်ကျေးမှုဖလှယ်ရေးကို ဦးတည်စေမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

လက်ရှိအချိန်တွင် ကမ္ဘောဒီးယားလူမျိုးများသည် တရုတ်ဘာသာစကားကို သင်ယူကြပြီး အပြန်အလှန်အားဖြင့် တရုတ်လူမျိုးများက ကမ္ဘောဒီးယားဘာသာစကားကို သင်ယူကြကာ ဘာသာစကားသည် နှစ်နိုင်ငံအကြား ပေါင်းကူးဆက်သွယ်ပေးသည့် တံတားတစ်စင်းဖြစ်ကြောင်း တရုတ်သံအမတ်ကြီး ဝမ်ဝဲန်တိန်းက ပြောကြားသည်။

ယခုနှစ်သည် တရုတ်- ကမ္ဘောဒီးယား သံတမန်ဆက်ဆံရေး တည်ထောင်သည့် ၆၆နှစ်မြောက် နှစ်ဖြစ်ကာနှစ်နိုင်ငံအကြား မိတ်ဖက်ဆက်ဆံမှုမှာ ခိုင်မာလျက်ရှိကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ **ကိုးကား-ဆင်ဟွာ ဘာသာပြန်-စိုးသူရ**

## အစ္စရေးနှင့် ဟားမတ်စ်တို့အကြား ပဋိပက္ခဖြစ်ပွားမှုအတွင်း ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီဝန်ထမ်း ၂၄၃ ဦးသေဆုံး

**ကုလသမဂ္ဂ နိုဝင်ဘာ ၁၅**

အစ္စရေးနှင့် ဟားမတ်စ်တို့အကြား ပဋိပက္ခဖြစ်ပွားခဲ့သည့် ယမန်နှစ်အောက်တိုဘာလမှစတင်၍ ၎င်း၏ဝန်ထမ်း ၂၄၃ ဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ အကြီးအကဲက ပြောကြားသည်။

အေဂျင်စီအကြီးအကဲ ဖီလစ်ပီ လာဇာရီနီက အထက်ပါကိန်းဂဏန်းနှင့် ပတ်သက်ပြီး နိုဝင်ဘာ ၁၄ ရက်က ကုလသမဂ္ဂသို့ ပြောကြားသည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ယင်းသို့ဝန်ထမ်းများ သေဆုံးခြင်းသည် အေဂျင်စီအတွက် အဆိုးရွားဆုံးအချိန်ကို တွေ့ကြုံ ခံစားရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အစ္စရေးပါလီမန်သည် ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီကို နိုင်ငံတွင်း လုပ်ငန်းလည်ပတ်ခြင်းမှ တားမြစ်သည့် ဥပဒေကြမ်းကို အောက်တိုဘာ ၂၈ ရက်က အတည်ပြုခဲ့သည်။ တစ်ပတ်အကြာတွင် အစ္စရေးအစိုးရသည် အေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်မှုကို အဆုံးသတ်ရန် ၎င်း၏ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂထံ တရားဝင်အကြောင်းကြားခဲ့ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

အဆိုပါ လှုပ်ရှားမှုများသည် ဂါဇာကမ်းမြောင်ဒေသရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများကို ပိုမိုဆိုးရွားစေနိုင်ကြောင်း လေ့လာသုံးသပ်သူများက ပြောကြားသည်။

လက်ရှိတွင် ဂါဇာကမ်းမြောင်ဒေသ၌ တိုက်ပွဲများဖြစ်ပွားမှုကြောင့် သေဆုံးသူဦးရေသည် ၄၃၇၀၀ ကျော်ရှိကြောင်း ဂါဇာရှိ ကျန်းမာရေးအရာရှိများက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အာဖရိကဒေသ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ပိုမိုများပြားလာ

**အဒစ်အဘာဘာ နိုဝင်ဘာ ၁၅**

အာဖရိကဒေသ၌ မျောက်ကျောက်ရောဂါကို ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေဖြစ်ကြေညာပြီးနောက် သုံးလအကြာတွင် အဆိုပါရောဂါ ကူးစက်ခံရသူဦးရေ ပိုမိုများပြားလာကြောင်း သိရသည်။




အာဖရိကဒေသ၌ ယခုနှစ်အတွင်း ရောဂါကူးစက်မှု သံသယရှိသူဦးရေ ၅၃၀၀၀ ကျော် ရှိပြီဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနက ပြောကြားသည်။

အာဖရိကနိုင်ငံ ၁၉ နိုင်ငံ၌ ယခုနှစ်စပိုင်းမှစပြီး မျောက်ကျောက်ရောဂါ ကူးစက်မှု သံသယရှိသူ ၅၃၉၇၃ ဦး ရှိပြီး အတည်ပြုလူနာ ၁၁၁၄၇ ဦးနှင့် သေဆုံးသူ ၁၁၀၉ ဦးရှိကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန ညွှန်ကြားရေးမှူးချုပ် ဂျင်းကာဆီယာက နိုဝင်ဘာ ၁၄ ရက်တွင် အွန်လိုင်းမှပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း အာဖရိကဒေသ၌ အတည်ပြုလူနာသစ် ၄၆၁ ဦးနှင့် သေဆုံးသူ ၃၄ ဦးရှိကြောင်း သိရသည်။

မျောက်ကျောက်ရောဂါကို ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ကြေညာထားသော်လည်း ဒေသအတွင်း၌ မျောက်ကျောက် ရောဂါကူးစက်မှုနှင့် သေဆုံးမှုအရေအတွက်သည် လျော့ကျခြင်းမရှိဘဲ ပိုမိုများပြားလာကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန ညွှန်ကြားရေးမှူးချုပ် ဂျင်းကာဆီယာက ပြောကြားသည်။

ရောဂါစမ်းသပ်မှုများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ဒေသတွင်း ဆေးဘက်ဆိုင်ရာ ထုတ်လုပ်မှုကို မြှင့်တင်ရန် လိုအပ်ကြောင်း ၎င်းက အလေးပေး ပြောကြားသည်။

မျောက်ကျောက်ရောဂါကို ၁၉၅၈ ခုနှစ်တွင် ဓာတ်ခွဲခန်းမှ မျောက်များကို စမ်းသပ်စစ်ဆေးရာမှ ပထမဆုံးတွေ့ရှိခဲ့သည်။ ၎င်းသည် ပုံမှန်အားဖြင့် ခန္ဓာကိုယ် အရည်များ၊ အသက်ရှူလမ်းကြောင်း အမှုန်အမွှားများနှင့် အခြားညစ်ညမ်းသောပစ္စည်းများမှ တစ်ဆင့် ကူးစက်သော ဗိုင်းရပ်စ်ရောဂါတစ်ခုဖြစ်သည်။ ရောဂါလက္ခဏာများ အနေဖြင့် အများအားဖြင့် အဖုအပိမ့်များ ထွက်ခြင်း၊ အဖုအပိန့်များ ထွက်ခြင်းနှင့် ရောင်ရမ်းခြင်းတို့ကို ဖြစ်စေသည်။

အာဖရိကတွင် မျောက်ကျောက်ရောဂါကို ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနက ဩဂုတ်လလယ်တွင် ကြေညာခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း မျောက်ကျောက်ရောဂါကို နိုင်ငံတကာစိုးရိမ်ရသည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ







မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

နေပြည်တော် နိုဝင်ဘာ ၁၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ မအူပင်မြို့နယ်နှင့် ဓနုဖြူမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ်ငါးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထားဝယ်မြို့ တလိုင်းထိန်ရပ်ကွက်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ်သုည ဒသမ ၈၆၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၃၆၆၄)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Alphard တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ရွှေပြည်သာမြို့နယ်၊ စမ်းချောင်းမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၂၆၃၆၆၄ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန် - မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၅၀)အကျော် တံတားဦးအဝိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၂၇၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၆၄/၂)၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၅၂၇၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၃၈၇၄၁၄)ကို သိမ်းဆည်းရမိခဲ့သည်။ ယနေ့သိမ်းဆည်းရမိမှုများတွင် လူသုံးကုန်ပစ္စည်းများ ပြည်ပမှ တရားမဝင်တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ပခုက္ကူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံအမျိုးသမီးသုံးဦးကို သတ်ဖြတ်၍ နေအိမ် ၂၀၀ နီးပါးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း မဟုတ်မမှန်သတင်းမှားများဖြန့်ဝေ

နေပြည်တော် နိုဝင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် နှောကုန်းကျေးရွာတွင် နိုဝင်ဘာ ၁၄ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်း ဝင်ရောက်၍ နေအိမ် ၂၀၀ နီးပါးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ဒေသခံအမျိုးသမီးသုံးဦးကို သတ်ဖြတ်ခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာ RFA Burmese က သတင်းတု၊ သတင်းမှားများ ဖြန့်ဝေလျက်ရှိသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ ပခုက္ကူမြို့နယ်အတွင်း နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တာဝန်ရှိသူများ၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ၎င်းရက်တွင် အဆိုပါကျေးရွာသို့ သွားရောက်ခဲ့ခြင်းမရှိကြောင်းနှင့် အဆိုပါ သတင်းမှာလည်း သတင်းအမှားသာ ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများကသာ ၎င်းတို့ကို ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ကျေးရွာများကို မီးရှို့ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်စွပ်စွဲရေးသားကာ ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၁၁-၂၀၂၄ စနေနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (အင်္ဂုလိမာလသုတ်) (ပုဗ္ဗဏှသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ ရွှေတောင်ဦးမှ ကျောက်မြတ်တိပိဋက
၀၈:၄၀ စိတ်အပန်းပြေစေဖို့နေပြည်တော်ကို လာလည်စို့
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ ချစ်စရာအရွယ်ကစားကြမယ်
၁၁:၀၅ မြစ်ကျိုးသုံးသွယ်အသွင်သစ် (ရေကာတာ)
၁၁:၄၅ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
၁၂:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'ပြင်သူသာလိုပါတယ်'
၁၃:၃၀ MRTV National News
၁၄:၃၅ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ စစ်မှုထမ်းဆောင်ကြပါစို့ (Video Clip)
၁၆:၅၀ ပုံပြင်ကမ္ဘာအစီအစဉ် 'စည်းကမ်းရှိစွာဆင်နွှဲပါ'
၁၇:၁၀ ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
၁၇:၂၅ ရသစုံစွာဤမြေကမ္ဘာ
၁၇:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတားလာ' (အပိုင်း-၁၂)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၃၀ (၁၉)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုကရေးတီးပြိုင်ပွဲ ဇာတ်တော်ကြီးပြိုင်ပွဲ 'သုဝဏ္ဏသာမဇာတ်တော်ကြီး' (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး) (ပထမပိုင်း)

### mitv

07:02 Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
07:10 Weekly Review
07:27 The Journey of the Rose
07:43 Myanmar Designer Studio: Min Min Myat
08:01 News
08:26 Mote Khwe Late from Intaing Village
08:35 Let's Taste Delicious Insects: Cricket Samosas, Pounded Crickets and Potato
09:01 Quiz Time (Ep-51)
10:01 News
10:26 Beasts of Asia (Thailand)

### MRTV NRC

ဝ (၀၆:၀၀ မှ ၀၈:၀၀)
'ဝ' ရိုးရာဝက်သားဆန်ပြုတ်ချက်နည်း
ကချင် (၀၈:၀၀ မှ ၁၀:၀၀)
ကချင်ချောင်းသာသို့အလည်တစ်ခေါက်
ကယား (၁၀:၀၀ မှ ၁၂:၀၀)
ဆေးဖက်ဝင်တဲ့ဟင်းကောင်းတစ်ခွက်
ဝကေကရင် (၁၂:၀၀ မှ ၁၃:၀၀)
ရာဇဝင်ထဲကရွာလေးတစ်ရွာ
အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)
ကျန်းမာရေးအတွက်အာလူးရဲ့ကောင်းကျိုးများ
အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)
ဘိုးဘိုးကြီးနှင့်ယုံကြည်ကိုးကွယ်မှု
ချင်း (လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀)
မန်ကျည်းပင်၏ကောင်းကျိုးများ
ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၅)
မွန် (၁၇:၀၀ မှ ၁၉:၀၀)
မွန်ဘာသာစကားပြောကြရအောင် (အပိုင်း-၅)
ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)
ပြုံးပဒေသာ (မောင်သာလုနှင့်လည်လွန်းတဲ့ဘီး)
ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)
ဝါးနီးသမောက်ပြုလုပ်နည်း

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၀:၄၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကာကွယ်ခုခံပိုင်ခွင့်ရှိသောအပိုင်းအခြား'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၅၃)

### MRTV FARMERS' / HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၅ နံစားပြောင်းကိုအခြေခံ၍ကွတ်ကီးပြုလုပ်ခြင်း
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ Yoga
၁၈:၃၅ Danu Phyu
၁၉:၁၀ Modern Agriculture Machines That Are At Another Level 4
၁၉:၄၅ International Music Hits
၂၀:၀၀ ၃ူ (ဇာတ်လမ်း)
၂၂:၀၀ Departure (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၄၀ Soccer View
၁၇:၀၀ အားကစားသတင်း
၁၈:၀၀ E Sports

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက်ရှိ First Rate Mobile ဖုန်းဆိုင်အား သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်လုယက်မှုမှ လုယက်မှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဆိုင်ကယ်နှစ်စီးနှင့် လက်နက်ခဲယမ်းများ ထပ်မံသိမ်းဆည်းရမိ





ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက်ရှိ First Rate Mobile ဖုန်းဆိုင်အား သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်လုယက်မှုမှ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဆိုင်ကယ်နှစ်စီးနှင့် လက်နက်ခဲယမ်းများ ထပ်မံသိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက် ဗိုလ်ချုပ်လမ်းမဘေးရှိ First Rate Mobile ဖုန်းဆိုင်သို့ အမျိုးသားလေးဦး(စိစစ်ဆဲ)က သေနတ်များကိုင်ဆောင်ဝင်ရောက်လာပြီး ဆိုင်ဝန်ထမ်းတစ်ဦးအား သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်၍ ဆိုင်အတွင်းရှိ iPhone အမျိုးအစား လက်ကိုင်ဖုန်းအလုံး ၂၀ (တန်ဖိုးငွေကျပ် ၁၁၂၀ သိန်းခန့်)အား လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သဖြင့် တာချီလိတ် မြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ကာ တရားခံများဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုယက်မှုကျူးလွန်သူတရားခံများ ခိုအောင်းရောက်ရှိနေထိုင်လျက်ရှိသည့် အငှားနေအိမ်လိုင်းခန်းသို့ ဝင်ရောက်စီးနင်းရှာဖွေခဲ့ရာ တရားခံများက သေနတ်များဖြင့် စတင်ပစ်ခတ်ကာ ထွက်ပြေးရန်ကြိုးစားသဖြင့် ပြန်လည်ခုခံပစ်ခတ်ဖမ်းဆီးခဲ့ရာ လုယက်မှုကျူးလွန်ခဲ့သူတရားခံ ဖန်လီ(၃၄)နှစ် (ဘ)ဦးဖန်ကျင်းလျှမ်ပါ အမျိုးသားလေးဦးအား လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် ပစ္စတိုသေနတ် လေးလက်နှင့် ဆက်စပ်ပစ္စည်းများ၊ မော်တော်ယာဉ်တစ်စီး၊ လုယက်မှုကျူးလွန်ရာမှရရှိသည့် လက်ကိုင်ဖုန်း ၁၂ လုံးတို့နှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ကြောင်း နိုဝင်ဘာ ၁၅ ရက် ထုတ်နိုင်ငံပိုင်သတင်းစာများ၌ သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။

အမှုမှ လူသတ်လုယက်မှုကျူးလွန်စဉ် တရားခံများအသုံးပြုခဲ့သည့် ဆိုင်ကယ်နှစ်စီးအား သိမ်းဆည်းရမိနိုင်ရေး နိုဝင်ဘာ ၁၄ ရက် ညနေ ၅ နာရီတွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ ဒေါ်တွမ်ရွှေရှန်း(စိစစ်ဆဲ)ပိုင်ဆိုင်သည့် အိမ်အမှတ်(ပလ-၂/၆၆၂)အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းနေအိမ်၌ လူနေထိုင်ခြင်းမရှိဘဲ ဧည့်ခန်းအတွင်းမှ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် SHN/10109 Wave-110 ဆိုင်ကယ်နှင့် SHN/10543 Wave-110 ဆိုင်ကယ် နှစ်စီးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး နေအိမ်အား အသေးစိတ်စစ်ဆေးရှာဖွေခဲ့ရာ အိပ်ခန်းအတွင်းရှိ အိမ်သာမျက်နှာကြက်ပေါ်မှ အမေရိကန်နိုင်ငံထုတ် M-4 Carbine CAL 5.56 MM အမျိုးအစားသေနတ်လေးလက်၊ ၎င်းကျည်အတောင့် ၁၃၀၊ ကျည်အိမ်နှစ်ခု၊ ချက်နိုင်ငံထုတ် CZECH REPUBLIC 9MM CZ အမျိုးအစား သေနတ်တစ်လက်၊ ၎င်းကျည် ၁၇ တောင့်၊ ကျည်အိမ် တစ်ခု၊ AK- 47 အမျိုးအစား သေနတ်တစ်လက်၊ ၎င်းကျည် ၇၈ တောင့်၊ ကျည်အိမ် သုံးခု၊ လက်ထိပ် သုံးကွင်း၊ ပြောက်ကျားအစိမ်းရောင်ယူနီဖောင်းသုံးစုံ၊ ပြောက်ကျားဦးထုပ်ဝိုင်း ငါးလုံး၊ အစိမ်းရောင်လည်တိုဖိနပ် နှစ်ရန်၊ ပြောက်ကျားအစိမ်းရောင်မိုးကာ ငါးထည်၊ အနက်ရောင်ခေါင်းစွပ် နှစ်ခု၊ သေနတ်တိုက်တံ နှစ်ချောင်း၊ သေနတ်တိုက်ဆီ လေးဘူးတို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Thitsar Nway Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၃)ရပ်ကွက်နေ တင့်လွင်အား ည ၉ နာရီ မိနစ် ၂၀ တွင် ရွှေပြည်သာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေစူးကန့်သတ်ချက်လိုက်နာကြရန် ရေလမ်းသတိပေးနှိုးဆော်ချက်

ပြည်တွင်းရေလမ်းကြောင်းများတွင် ရေယာဉ်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်မှ ၂၀၂၅ ခုနှစ်၊ မေလ ၁၅ ရက်အထိ ကာလကို ရေနည်းကာလအဖြစ် သတ်မှတ်၍ ရေကြောင်းနယ်မြေအလိုက် ရေယာဉ်များ၏ဝန်တင်ရေစူးကို အောက်ပါအတိုင်း ကန့်သတ်ထားပါသည်-

| စဉ် | မြစ်အမည် | ရေကြောင်းနယ်မြေ | | ရေစူးကန့်သတ်ချက် | |
|---|---|---|---|---|---|
| | | မှ | ထိ | ပေ | လက်မ |
| ၁။ | ဧရာဝတီမြစ် | ဟသ်ာတ | ပြည် | ၅ | ၆ |
| ၂။ | ။ | ပြည် | မန္တလေး | ၅ | ၀ |
| ၃။ | ။ | မန္တလေး | ကသာ | ၄ | ၀ |
| ၄။ | ။ | ကသာ | ဗန်းမော် | ၃ | ၉ |
| ၅။ | ။ | ဆင်ဘို | မြစ်ကြီးနား | ၂ | ၆ |
| ၆။ | ချင်းတွင်းမြစ် | ချင်းတွင်းဝ | မုံရွာ | ၃ | ၀ |
| ၇။ | ။ | မုံရွာ | ကလေးဝ | ၃ | ၃ |
| ၈။ | ။ | ကလေးဝ | ဟုမ္မလင်း | ၃ | ၀ |
| ၉။ | ။ | ဟုမ္မလင်း | ခန္တီး | ၂ | ၆ |

သို့ဖြစ်ပါ၍ ဖော်ပြပါ ဝန်တင်ရေစူးကန့်သတ်ချက်ကို ရေယာဉ်များလိုက်နာကြရန်နှင့် သတ်မှတ်ရေလမ်းကြောင်းအတိုင်း လိုက်နာခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## ထားဝယ်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်း



**ထားဝယ် နိုဝင်ဘာ ၁၅**

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ထားဝယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထက်နောင်က စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများနှင့် လူနေအဆောက်အအုံများအား မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေအောင် ကာကွယ်ရန်နှင့် မီးသတ်တပ်ဖွဲ့၏ရည်ရွယ်ချက်ဖြစ်သော“ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်တားဆီးကာကွယ်ရန်နှင့် သဘာဝဘေးအပါအဝင် အခြားသော အန္တရာယ်များ ကျရောက်လာသည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန်” ဆိုသည့် ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

❖ **အီတလီမှ**

၁၁ မိနစ်မှာ တိုနာလီကသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အီတလီအသင်းဟာ ဘယ်လ်ဂျီယံအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် အုပ်စုအဆင့်ငါးပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ လေးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၃ မှတ်နဲ့ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပြီး ပြင်သစ်အသင်းကတော့ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၁၀ မှတ်နဲ့ နောက်တစ်ဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ပြင်သစ်အသင်းဟာ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် မတ်လအတွင်းမှာ အစ္စရေးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။ နိုဝင်ဘာ ၁၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်တွေမှာတော့ အင်္ဂလန်အသင်းက ဂရိအသင်းကို သုံးဂိုး-ဂိုးမရှိ၊ အိုင်ယာလန်အသင်းက ဖင်လန်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဩစတြီးယားအသင်းက ကာဇက်စတန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ နော်ဝေအသင်းက ဆလိုဗေးနီးယားအသင်းကို လေးဂိုး-တစ်ဂိုး၊ ဖာရိုးကျွန်းစုအသင်းက အာမေးနီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မက်ဆီဒိုးနီးယားအသင်းက လက်ဗီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီးအနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

## မဟာဓမ္မရံသီအိမ်တော်ရာ စေတီတော်မြတ်ကြီး၌ တန်ဆောင်တိုင် ဆီမီး ၅၀၀၀ ပူဇော်

ရန်ကုန် နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်မြတ်ကြီး(ရန်ကုန်)၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ဆီမီး ၅၀၀၀ ပူဇော်ပွဲကို ကျင်းပရာ အများပြည်သူတို့က ပန်း၊ ရေချမ်း၊ ဆီမီး၅၀၀၀ ဖြင့် တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်အထိ သုံးရက်တိုင်တိုင် ကပ်လှူပူဇော်ကြရာ ဘုရားဖူးလာပြည်သူများအား စတုဒိသာမုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းရာ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ ကြေးမုံ



## မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (၁၃) ကြိမ်မြောက်နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ဖိတ်ကြားလွှာ

မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ (၁၃) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ချီးမြှင့်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်နေ့ရက် - ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်
ကျင်းပမည့်အချိန် - နေ့လည် (၁:၀၀) နာရီ
ကျင်းပမည့်နေရာ - UMFCCI Office Tower ၊ ပထမထပ်၊ မင်္ဂလာခန်းမ ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊

အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းတို့ကို အသင်းသားများထံသို့ အီးမေးလ်၊ Viber တို့ဖြင့် ပေးပို့သွားမည်ဖြစ်ပါသည်။ အသင်းသားများအနေဖြင့် ပါဝင်တက်ရောက်နိုင်ပါရန်နှင့် ဆွေးနွေးအကြံပြုလိုသည်များရှိပါက အကြံပြုချက်များကို အသင်းရုံးသို့ ( ၅-၁၂-၂၀၂၄ )ရက်နေ့ နောက်ဆုံးထားပေးပို့နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**ဆက်သွယ်ရန်- ဖုန်း - ၀၁- ၂၃၀၀၃၇၆၊ ၀၉ - ၈၈၇၈၀၅၉၀၀၊ ၀၉ - ၂၆၃၂၁၃၂၇၀**

**အလုပ်အမှုဆောင်အဖွဲ့**

## လယ်ဝေးမြို့ သမိုင်းဝင်ဖောင်တော်ချက်မစေတီတော်မြတ်ကြီး၌ ဆီမီး ၃၀၀၀ ပူဇော်

လယ်ဝေး နိုဝင်ဘာ ၁၅

တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့တွင် ဗုဒ္ဓဘာသာဝင်များအထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများတွင် ဆီမီးပူဇော်ကြသူများ၊ ပွဲသကူပစ်သူများ၊ ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

### ကပ်လှူပူဇော်မည်

လယ်ဝေးမြို့ အမှတ်(၃)ရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ချက်မစေတီတော်တွင်လည်း ယမန်နေ့မှစတင်၍ မြတ်ပညာမွန်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ဆီမီး ၃၀၀၀ ပူဇော်လှူဒါန်းလျက်ရှိပြီး လပြည့်ကျော် တစ်ရက်နေ့အထိ ကပ်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။

ဝေကြည်(ပြန်/ဆက်)



## ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ (၆)လမ်း၊ အမှတ်(၁၈၉ ဦ)၊ ဦးမြမောင်၊ ဦးပြုံးချိုတို့၏ အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်မူရင်းပါ မြေအကျယ် ပေ(၂၀x၆၀)အနက်မှ (ဂရန်မိတ္တူခြမ်းဖြစ်သော) ဦးမြမောင် ပိုင်ဆိုင်သည့် အစုဖြစ်သည့် မြေအကျယ် ပေ(၁၀x၆၀)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ ရေ/မီးပါသော နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်နှင်းနှင်းမိုး [၁၂/ဥကမ(နိုင်) ၁၇၉၃၄၉]သည် အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပါပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်းမျှမရှိကြောင်း၊ ဝယ်ယူခဲ့သည့် အဆင့်ဆင့်သော အရပ်ကတိစာချုပ်များနှင့်ပတ်သက်၍ မှန်ကန်ပါကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ပြီးသည်အထိ အကုန်ကျခံလျက် တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဝန်ခံ၍ ဒေါ်သန်းသန်းဌေးနှင့် ဒေါ်ဥမ္မာရည်အောင်တို့ (၂)ဦးအား ၁၅-၁၁-၂၀၂၄ ရက်နေ့တွင် "အိမ်နှင့်မြေ အပြီးအပိုင် အရောင်းအဝယ်စာချုပ်" ချုပ်ဆိုလျက် ရောင်းချခဲ့ပြီးဖြစ်ပါ၍ ဒေါ်သန်းသန်းဌေး+ဒေါ်ဥမ္မာရည်အောင်တို့မှ အလုံးစုံပိုင်ဆိုင်သူများဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းဌေး + ဒေါ်ဥမ္မာရည်အောင်တို့၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင် (ခ) ဒေါ်မြမြဌေး (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၅၄၀၇၂၂၉**



## ပန်းတနော်မြို့၌ (၂၈)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များ လှည့်လည်အပူဇော်ခံ

ပန်းတနော် နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ယမန်နေ့က (၂၈)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ယာယီစံကျောင်းတော်မှ ပင့်ဆောင်ကာ ပန်းတနော်မြို့ပေါ်ရှိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများအတွင်း လှည့်လည်အပူဇော်ခံ ဒေသစာရီကြွချီတော်မူခဲ့သည်။

ထိုသို့ကြွချီရာ လမ်းတစ်လျှောက်၌ ဘုရားဒါယကာ၊ ဒါယိကာမများက ပန်း၊ ဆီမီး၊ ရေချမ်း၊ သစ်သီး အစုစုတို့ကို ဗုဒ္ဓရုပ်ပွားတော်မြတ်များအား လှူဒါန်းပူဇော်ကြပြီး စေတနာရှင်အပေါင်းကလည်း စတုဒိသာများ ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ပခုက္ကူမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဘုရား၊ ပုထိုး၊ စေတီများ၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား

ပခုက္ကူ နိုဝင်ဘာ ၁၅

တန်ဆောင်မုန်းလပြည့်နေ့တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီး ဘုရား၊ စေတီတော်မြတ်ကြီးတို့၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။



### ကုသိုလ်ယူကြ

ပခုက္ကူမြို့ရှိ သီဟိုဠ်ရှင်မြတ်စွာဘုရား၊ ရွှေကူမြတ်စွာဘုရား၊ ဖောင်တော်ဦးဘုရား၊ ရွှေမုဋ္ဌော စေတီတော်မြတ်ကြီး စသည့် ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီး ဘုရား၊ စေတီတော်မြတ်ကြီးများသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် ဒေသခံပြည်သူများသည် တန်ဆောင်မုန်းလပြည့်နေ့တွင် ဗုဒ္ဓရုပ်ပွားတော်များ ရေသပ္ပာယ်ခြင်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူခြင်းတို့ဖြင့် လာရောက်ကုသိုလ်ယူကြသည်ကို တွေ့ရသည်။

ထို့အပြင် ပခုက္ကူမြို့ ဘုန်းတော်ကြီးကျောင်း၊ စာသင်တိုက်များရှိ ဆရာတော်၊ သံဃာတော်ကြီးများထံ ဥပုသ်သီလ ဆောက်တည်ကြသူများ၊ ဘုရား၊ စေတီတော်ရင်ပြင်များ၌ အဘိဓမ္မာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်သူများ၊ ပန်း၊ သစ်သီး၊ ဆွမ်း ဆက်ကပ်လှူဒါန်းသူများ၊ ငါးအစာကျွေးသူများ၊ ဘုရားဝင်းအတွင်း ရောင်းချသည့် စားစရာ မုန့်ပဲသရေစာများ ဝယ်ယူစားသောက် အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

